ကြေးမုံ

The Mirror

၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်၊ အင်္ဂါနေ့၊ (15-3-2011) (၆၇၀၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပ

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုများကိုဆွေးနွေးခြင်း၊ အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မတ် ၁၄

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရောက်ရှိနေရာယူသည်။ ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်(၄၃၃)ဦး ရှိသည့် အနက် (၄၃၂)ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် (၉၉ ဒသမ ၇၇)ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး နဝမနေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းထားသည့် မေးခွန်းများအနက် စိစစ်ခွင့်ပြုသင့်သည့် ကြယ်ပွင့်ပြမေးခွန်းများဖြစ်သော ရွှင်မဲဆန္ဒနယ်မှ ဦးအောင်သိန်း၏ **“မြို့ကြီးဆည်မှထွက်ရှိသော လျှပ်စစ်ဓာတ်အားအချို့ကို ခနုဒေသသို့ ဖြန့်ဝေပေးရန် အစီအစဉ် ရှိ၊ မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့် **“ကင်းတားရေလှောင်တမံမှ ရှင်မြို့ပေါ်သို့ ဖြန့်ဝေပေးထားသည့် လျှပ်စစ်ဓာတ်အားလိုင်းကို တိုးချဲ့ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ၊ မရှိ”**နှင့်စပ်လျဉ်းသည့် မေးခွန်း၊ သံတွဲ မဲဆန္ဒနယ်မှ ဦးရဲထွန်း၏ **“ရခိုင်ပြည်နယ်မှ ပြည်သူများခံစားနေရသော လျှပ်စစ်ဓာတ်အားသုံးစွဲခနှုန်းထား”**နှင့် စပ်လျဉ်းသည့် မေးခွန်း၊ ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင် (ခ) စိုင်းဆောင်ဆီ၏ **“ကြားဖြတ်ရွေးချယ်တင်မြှောက်ပွဲများကို ကျင်းပရန်မည်သို့ ပြင်ဆင်ထားသည်”**နှင့် စပ်လျဉ်းသည့် မေးခွန်း၊ မင်းပြားမဲဆန္ဒနယ်မှ ဦးအောင်စိန်သာ၏ **“ရခိုင်ပြည်နယ် မင်းပြားမြို့အား လေးမြို့မြစ်ရေတိုက်စားမှုကာကွယ်ရေး”**နှင့် စပ်လျဉ်းသည့် မေးခွန်း၊ ပလက်ဝမဲဆန္ဒနယ်မှ ဦးပိုက်လင်း၏ **“ချင်းပြည်နယ် ပလက်ဝမြို့မှ မြောက်ဘက် (၂၉)မိုင်အကွာရှိ ကုလားတန်မြစ်၏ တစ်နေရာတွင် တောင်ပြိုပြီး ရေလမ်းပိတ်ဆို့မှု”** နှင့်စပ်လျဉ်းသည့် မေးခွန်းများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များဖြစ်ကြသော အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ရွှေကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေတို့က ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူထားပြီးဖြစ်သည့် ဟားခါးမဲဆန္ဒနယ်မှ ဦးဌွန်မောင်း၏ **“ချင်းပြည်နယ်အတွင်း နိုင်ငံခြားသား ဧည့်သည်နှင့် ခရီးသည်များ ဝင်ရောက် သွားလာခွင့်ပြုရေး”** အဆိုနှင့် **“ ချင်းပြည်နယ်၏မြို့တော် ဟားခါးကို အခြားပြည်နယ်မြို့တော်များကဲ့သို့ အဆင့်မီ တည်ဆောက်ပေးရေး”** အဆိုများနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ ဖြစ်ကြသော ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး၏ **“မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရန်”**အဆိုနှင့် အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည် (ခ) ခိုင်မောင်ရည်၏ **“မြန်မာနိုင်ငံတွင် (၁၀၀)ရာခိုင်နှုန်း စာတတ်မြောက်မှု အုတ်မြစ်ခိုင်မာရေး ရှေ့ရှုအကောင်အထည်ဖော်နိုင်ရန် အခမဲ့ မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်မှုအား အခြေခံပညာအလယ်တန်းအဆင့်အထိ မသင်မနေရ အခမဲ့ပညာရေးစနစ် (Duty to Educated Children)အဖြစ် ပြဋ္ဌာန်းရန်နှင့် မြန်မာနိုင်ငံအတွင်း နိုင်ငံတကာ တက္ကသိုလ်များနှင့် ချိတ်ဆက်နိုင်သော စာမေးပွဲစနစ်ပါဝင်သည့် သင်ရိုးညွှန်းတမ်းနှင့် ပညာရေးစနစ်ကို အစိုးရနှင့် ပုဂ္ဂလိကပိုင်းကပါ နှစ်ရပ်စလုံး ပါဝင်ဆောင်ရွက်နိုင်ရန် သင့်လျော်သည့်မူဝါဒများရရှိရေး”**အဆိုများကို တင်သွင်းခြင်းနှင့် ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ် ရယူခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ဒသမနေ့ကို မတ်လ ၁၅ ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပစဉ်။

(သတင်းစဉ်)

The Mirror
၁၅-၃-၂၀၁၁
(အင်္ဂါနေ့)

သန့်ရှင်းသော သောက်သုံးရေ တိုးမြှင့် ဖြည့်ဆည်း

ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး (၁၉)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲကို မတ် ၁၁ ရက်တွင် နေပြည်တော်၌ ကျင်းပခဲ့သည်။ အလှူရှင် ၈၂ ဦးတို့က အလှူငွေကျပ် သိန်းပေါင်းနှစ်ထောင်ကျော် ပေးအပ်လှူဒါန်းကြသည်။ သန့်ရှင်းသောသောက်သုံးရေရရှိရေး မွန်မြတ်သော အလှူဒါနပြုခြင်းဖြစ်သည်။

ရေသည် သက်ရှိသတ္တဝါများ အသက်ရှင်ရပ်တည်ရေးအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အရေးပါသကဲ့သို့ ရေရှားပါးသောဒေသမှ ကျေးလက်ပြည်သူများ၏ နေ့စဉ်သောက်သုံးရေ လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေးသည်လည်း အလေးထားရမည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်။

မြန်မာနိုင်ငံ အပူပိုင်းဒေသများတွင် ယခင်ကာလက သောက်သုံးရေလုံလောက်စွာမရရှိကြပေ။ရေရှားပါးမှုကြောင့် ဒေသခံပြည်သူများ ဝမ်းရောဂါ၊ မျက်ခမ်းစပ်ရောဂါနှင့် အရေပြားရောဂါစသည်တို့ဖြစ်ပွားခဲ့ကြရသည်။နိုင်ငံတော်က အဆိုပါဒေသများရှိ ကျေးရွာများအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိစေရန် ၂၀၀၀-၂၀၀၁ခုနှစ်မှစတင်၍ (၁၀)နှစ်စီမံကိန်းချမှတ် ဆောင်ရွက်ပေးလျက်ရှိသည်။

အထူးသဖြင့် စစ်ကိုင်း၊ မကွေး၊ မန္တလေးစသည့် အပူပိုင်းဒေသတို့ရှိ ကျေးရွာများအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိရေး ကြိုးပမ်းခဲ့သည်။ ယခုအခါ စစ်ကိုင်းတိုင်းဒေသကြီးရှိ ၃၄မြို့နယ်၊ မကွေးတိုင်းဒေသကြီးရှိ ၂၅ မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီးရှိ ၂၃ မြို့နယ်တို့တွင် မြို့နယ်လုံးကျွတ် ကျေးရွာများအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိနေကြပြီ။ ထို့အတူ ခရိုင် ၁၉ခုတွင် ခရိုင်လုံးကျွတ် ကျေးရွာတစ်ရွာလျှင် စက်ရေတွင်းတစ်တွင်းနှုန်း တူးဖော်ပေးနိုင်ခဲ့ပေပြီ။

အပူပိုင်းဒေသများတွင် ရေရရှိရေးကြိုးပမ်းနေသကဲ့သို့ အခြား ရေခက်ခဲသော တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း အကောင်အထည်ဖော်နေသည်။ အလားတူ မြစ်ဝကျွန်းပေါ်ဒေသ၊ ကမ်းရိုးတန်း ရေငန်ဒေသများပါမကျန် သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။ ရေရှားပါးသောဒေသများ၌ ကျေးရွာတိုင်းတွင် စက်ရေတွင်းများကို တစ်တွင်းမှ နှစ်တွင်း သုံးတွင်းအထိ ဆက်လက်တူးဖော်လျက်ရှိသည်။

ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိသုံးစွဲနိုင်ရေး ဖြည့်ဆည်းပေးနေခြင်းသည် မွန်မြတ်သော အလှူဖြစ်သည်။ နိုင်ငံတော်အစိုးရနှင့်အတူ စေတနာရှင်ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံတကာ လူမှုရေးအသင်းအဖွဲ့များက ထက်သန်သော စေတနာသဒ္ဓါတရား အမွန်အမြတ်ထား၍ လိုက်လိုက်လှဲလှဲ ဆက်လက်လှူဒါန်းလျက်ရှိရာ ရေရှားပါးသောဒေသများမှ ပြည်သူများအားလုံး သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိ သုံးစွဲနိုင်ကြပြီ ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ

ရန်ကုန် မတ် ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာ နာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး ဒုတိယနေ့၏ ဩဝါဒါစရိယ ဆရာတော်ကြီး ငါးပါးအား တင်မြှောက်သည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောသာရာဘိဝံသ က ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယာမက ဆောင်ရွက်တော်မူသည်။ ယင်းနောက် အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားကာ ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၃၃ ရာခိုင်နှုန်း ကြွရောက်တော်မူကြသဖြင့် အစည်းအဝေး ထမြောက်ကြောင်း ကြေညာသည်။

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော်များ တင်ပြလာသည့် အကြံပြုချက်များကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များဖြစ်ကြသော အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသိရီဘိဝံသနှင့် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနိမလတို့က ရှင်းလင်းပြန်ကြားလျှောက်ထားကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

အစည်းအဝေးကို မွန်းလွဲ ၁နာရီတွင် ဆက်လက်ကျင်းပရာ တစ်နှစ်တာကာလအတွင်းဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာပါ ဝိနိစ္ဆယရေးရာနှင့်စပ်လျဉ်း၍ ရွှေကျင်ဂိုဏ်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ကိုယ်စားလှယ် ဆရာတော်များက လည်းကောင်း၊ သာသနာရေးနှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး၊ မဟာဒွါရဂိုဏ်းနှင့် ကချင်ပြည်နယ်တို့မှ ကိုယ်စားလှယ် ဆရာတော်များက လည်းကောင်း၊ ပညာရေးနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ကိုယ်စားလှယ်ဆရာတော်များကလည်းကောင်း ဆွေးနွေးတော်မူကြပြီး ဒုတိယနေ့ အစည်းအဝေးကို ရပ်နားလိုက်သည်။

အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား ဦးကျော်ဆန်း-သီဟသုမေဓာသိင်္ဂီ ဒေါ်ညွန့်ညွန့်ဝင်း (ပျားဝတ်ရည် အင်တာပရိုက်စ်နှင့် စိန်ဆီစက် မိသားစု)တို့က တစ်နေ့တာ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်များ ဆက်ကပ်လှူဒါန်းသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၅-၃-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။	အင်္ဂုလိမာလဂ်လံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၆။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၀	၇။	နှောင်းခေတ်တေးပဒေသာ
၈း၁၀	၈။	အတီးပြိုင်ပွဲ
၈း၂၅	၉။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၃၀	၁၀။	(၆၆)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
၈း၄၀	၁၁။	International News
၈း၄၅	၁၂။	တေးဂီတအစီအစဉ်
၉း၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၀	၃။	တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ
၄း၃၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
၄း၄၅	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၀	၆။	ကြေးမုံရိပ်သွင်တေးနှုယဉ်
၅း၀၀	၇။	"အိုးပိုင်အိမ်ပိုင်"
၅း၁၅	၈။	(၆၆)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
၅း၂၅	၉။	ရင်မှာစွဲထင် တေးအလှသံစဉ်
၅း၃၅	၁၀။	"ကမ္ဘာမှာထင်ရှား ဂုဏ်ယူဝင့်ကြွား မြန်မာ့ကျောက်မျက်ရတနာများ"
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၁၅	၁၂။	မိုးလေဝသအခြေအနေ
၆း၂၀	၁၃။	ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆း၃၅	၁၄။	ဆိုလိုက်ကြစို့
၇း၀၀	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မေ့မေတ္တာ" (ဒုတိယတွဲ) (အပိုင်း-၁၆)**
၈း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	ရယ်စရာဟာသများ
	၂၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်စရာအိပ်မက်ကမ္ဘာ" (အပိုင်း-၁၁)**
	၂၁။	အစီအစဉ်ပြီး၏။

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များ စိတ်ဝင်တစား ကြည့်ရှုလေ့လာဝယ်ယူကြ

နေပြည်တော် မတ် ၁၄

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာ ကျောက်စိမ်းခန်းမ၌ (၅)ရက်မြောက်နေ့အဖြစ် ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းမှ စတင်၍ ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၂၅၄၂ တွဲ ရောင်းချရသည်။

မွန်းလွဲပိုင်းတွင် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ဝယ်ယူရန် ပြည်တွင်း ပြည်ပရတနာကုန်သည်များက ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းအဆိုပြုလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြရာ (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ပြပွဲဗဟိုကော်မတီဝင်များက လိုအပ်သည်များကို လိုက်လံကြည့်ရှု ကြီးကြပ်အားပေးကြသည်။

ညနေပိုင်းတွင် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များ၏ တင်ဒါပုံးများအတွင်းထည့်သွင်းထားသောကျောက်စိမ်းအတွဲအဆိုပြုလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကြသည်။

၂၀၁၁ခုနှစ် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ (၅)ရက်မြောက်နေ့ဖြစ်သည့် ယနေ့တွင် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များက ခင်းကျင်းပြသထားသော ကျောက်စိမ်းအတွဲများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကာ နှစ်သက်ရာအလိုက် အပြိုင်အဆိုင် ရွေးချယ်ဝယ်ယူလျက်ရှိကြပြီး ပြည်တွင်းရတနာကုန်သည်များ၏ ကျောက်မျက်ရတနာပစ္စည်းအရောင်းဆိုင်များ၌လည်း ဝယ်ယူအားပေးသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

နေပြည်တော်၌ ဒုတိယအကြိမ်အဖြစ် ကျင်းပလျက်ရှိသည့် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၂၂ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ပြပွဲကာလအတွင်း ပြည်တွင်း ပြည်ပ ရတနာကုန်သည်များ နေထိုင်ရေး၊ သွားလာရေး၊ ဆက်သွယ်ရေးနှင့် ကျန်းမာရေး ကဏ္ဍများအပါအဝင် ကိစ္စအရပ်ရပ်အတွက် ပြပွဲကျင်းပရေး ဗဟိုကော်မတီက ဆပ်ကော်မတီများအလိုက် တာဝန်ခွဲဝေ၍ အစစ အရာရာ အဆင်ပြေချောမွေ့စေရန် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့ ၂၀၁၁ခုနှစ်(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပ ရတနာကုန်သည် ၄၇၀၀ နှင့် ပြည်တွင်း ရတနာကုန်သည် ၃၉၄၈ ဦး စုစုပေါင်း ၈၆၄၈ ဦး လာရောက်၍ ကြည့်ရှုလေ့လာဝယ်ယူခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းအဆိုပြုလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြစဉ်။

(သတင်းစဉ်)

လာရောက်တွေ့ဆုံ

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် General Political Department မှ Deputy Director, Lieutenant General Jia Tingan ဦးဆောင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဇေယျာသီရိဗိမာန် ညှိနှိုင်းမဏ္ဍပ်/ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ လေ့လာရေးကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၁၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ လေ့လာရေးခရီးရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် General Political Department မှ Deputy Director, Lieutenant General Jia Tingan ဦးဆောင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် မတ် ၁၃ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဇေယျာသီရိဗိမာန်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်အတူ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဇော်ဝင်း၊ ဗိုလ်ချုပ်သန်းစိုးနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် General Political Department မှ Deputy Director, Lieutenant General Jia Tingan ဦးဆောင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Junhua နှင့် စစ်သံမှူး Senior Colonel Xiong Shaowei တို့လည်း တက်ရောက်ကြသည်။

(သတင်းစဉ်)

စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦးအား တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ လေ့လာရေးကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၁၄

ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ လေ့လာရေးခရီးရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် General Political Department မှ Deputy Director, Lieutenant Jia Tingan ဦးဆောင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် မတ် ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦးနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ဗိုလ်ချုပ်သန်းစိုးနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် General Political Department မှ Deputy Director, Lieutenant General Jia Tingan ဦးဆောင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ စစ်သံမှူး Senior Colonel Xiong Shaowei လည်း တက်ရောက်သည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် General Political Department မှ Deputy Director, Lieutenant General Jia Tingan ဦးဆောင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

တည်ခင်းဧည့်ခံ

ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် General Political Department မှ Deputy Director, Lieutenant General Jia Tingan ဦးဆောင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ် LAKE VIEW HALL ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ လေ့လာရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် မတ် ၁၄

ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦးသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ လေ့လာရေးခရီးရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် General Political Department မှ Deputy Director, Lieutenant General Jia Tingan ဦးဆောင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့အား မတ် ၁၃ ရက် ညနေ ၆ နာရီခွဲတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ် LAKE VIEW HALL ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦးနှင့်အတူ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းစိုးနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် General Political Department မှ Deputy Director, Lieutenant General Jia Tingan ဦးဆောင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Junhua နှင့် စစ်သံမှူး Senior Colonel Xiong Shaowei တို့လည်း တက်ရောက်ကြသည်။

(သတင်းစဉ်)

ရှင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၏ "မြို့ကြီးဆည်မှထွက်ရှိသော လျှပ်စစ်ဓာတ်အားအချို့ကို ဓနုဒေသသို့ဖြန့်ဝေပေးရန် အစီအစဉ် ရှိ၊ မရှိ"နှင့် စပ်လျဉ်းသည့်မေးခွန်းကို အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၁၄

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ရှင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းက **ရှင်းမြို့နယ် မြို့ကြီးကျေးရွာတွင် နိုင်ငံတော်မှ မြို့ကြီးဆည်ကို တည်ဆောက်လျက်ရှိပါကြောင်း၊ မြို့ကြီးဆည်ပြီးစီးပါက မြို့ကြီးဆည်မှထွက်ရှိသော လျှပ်စစ်ဓာတ်အား အချို့ကို ဓနုဒေသသို့ ဖြန့်ဝေပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးမြန်းသည်။

အဆိုပါမေးမြန်းချက်နှင့် စပ်လျဉ်း၍ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ရှင်းမြို့နယ် မြို့ကြီးကျေးရွာရှိ မြို့ကြီးဆည်တွင် ၁၅ မဂ္ဂါဝပ် ဓာတ်အားထုတ်ပေးနိုင်သည့် စက်နှစ်လုံး တပ်ဆင်ထားခြင်းကြောင့် ဓာတ်အား မဂ္ဂါဝပ် ၃၀ ရရှိမှာဖြစ်ပါကြောင်း၊ ယင်းစက် နှစ်လုံးမှ လျှပ်စစ်ကို ၃၃ ကေဗွီ ဗို့အားဖြင့် ထုတ်လုပ်မှာဖြစ်ပါကြောင်း၊ မြို့ကြီးဆည် လျှပ်စစ်ဓာတ်အားပေးစက်မှ ဓာတ်အားကို တောင်တော်ကွင်း ပင်မဓာတ်အားခွဲရုံ၊ အင်းကုန်း ပင်မဓာတ်အားခွဲရုံများသို့ ပို့လွှတ်ပြီး နိုင်ငံတော် ဓာတ်အားစနစ်နှင့် ချိတ်ဆက်သွားမှာ ဖြစ်ပါကြောင်း။

ယခုအခါ ဓနုဒေသရှိ မြို့နှစ်မြို့ဖြစ်သည့် ပင်းတယမြို့နှင့် ရှင်းမြို့ တို့ကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပေးထားပြီးဖြစ်ပါကြောင်း၊ ထို့အပြင် ဓနုဒေသမြို့ဖြစ်သည့် ပင်းတယမြို့ ပတ်ဝန်းကျင်၌ ကျေးရွာ ခြောက် ရွာကို ထရန်စဖော်မာ ၁၀လုံး တည်ဆောက်ကာ နိုင်ငံတော် ဓာတ်အားစနစ်နှင့် ဓာတ်အားပေးထားပြီးဖြစ်ပါကြောင်း၊ သုံးစွဲသည့် လျှပ်စစ်ပမာဏမှာ ကီလိုဝပ် ၈၀၀ ဖြစ်ပါကြောင်း၊ ထို့အတူ ရှင်းမြို့အနီး၌ ရှိသည့် ကျေးရွာနှစ်ရွာကိုလည်း ရှင်းမြို့ပေါ် ထရန်စဖော်မာ နှစ်လုံးမှ ဆက်သွယ်ပြီး နိုင်ငံတော် ဓာတ်အားစနစ်နှင့် ဓာတ်အားပေးထားပါကြောင်း၊ သုံးစွဲသည့် လျှပ်စစ်ပမာဏမှာ ကီလိုဝပ် ၃၀၀ ရှိပါကြောင်း၊ ထို့ကြောင့် ဓနုဒေသကြီး၌ ယခုကဲ့သို့ ကိုယ်စားလှယ်တော်ကြီး တင်ပြမေးမြန်းမှု မပြုခင် ကပင် နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အားသုံးနေပြီ ဖြစ်ကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)

ဖြေကြား

အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် မေးမြန်းချက်ကို ပြန်လည်ဖြေကြားစဉ်။

(သတင်းစဉ်)



မေးမြန်း

ရှင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း မေးမြန်းစဉ်။

(သတင်းစဉ်)

ရှင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၏ "ကင်းတားရေလှောင်တမံမှ ရှင်းမြို့ပေါ်သို့ ဖြန့်ဝေပေးထားသည့် လျှပ်စစ်ဓာတ်အားလိုင်းကို တိုးချဲ့ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ၊ မရှိ"နှင့် စပ်လျဉ်းသည့် မေးခွန်းကို အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၁၄

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ရှင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းက **ကင်းတားရေလှောင်တမံ၏ အမိက ရေဝေရေလဲဒေသမှာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနယ်မြေ ရှင်းမြို့နယ်ဖြစ်ပါကြောင်း၊ ကင်းတားရေလှောင်တမံမှ ရှင်းမြို့ပေါ်သို့ ဖြန့်ဝေပေးထားသည့် လျှပ်စစ်ဓာတ်အားလိုင်းအား ရေဝေရေလဲဒေသ ထိန်းသိမ်းစောင့်ရှောက်ရာတွင် လည်းကောင်း၊ စီမံခန့်ခွဲရာတွင်လည်းကောင်း ပိုမိုထိရောက်မှုရှိစေရေးအတွက် တိုးချဲ့ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုပါကြောင်း** မေးမြန်းသည်။

အဆိုပါမေးမြန်းချက်နှင့် စပ်လျဉ်း၍ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ရှင်းမြို့ကို ကင်းတားရေလှောင်တမံ ဓာတ်အားပေးစက်ရုံမှ ၁၁ ကေဗွီဓာတ်အားလိုင်း ၁၂ မိုင် သွယ်တန်းပြီး ဓာတ်အားပေးထားပါကြောင်း၊ ကင်းတားစက်ရုံ၏ ဓာတ်အားထုတ်လုပ်မှုသည် စိုက်ပျိုးရေတောင်းခံမှု ပမာဏပေါ်မူတည်ထုတ်လုပ်ခြင်းဖြစ်သည့်အတွက် တစ်ရက်၏ ၂၄ နာရီတွင် ၈ နာရီခန့်သာ ဓာတ်အားထုတ်လုပ်ပေးလျက်ရှိပါကြောင်း၊ ကျန်အချိန်များတွင် စက်ကို ဓာတ်အားမထုတ်ဘဲ အရန်အဖြစ်ထားရှိပါကြောင်း၊ ကင်းတားစက်ရုံမှ ဓာတ်အား မထုတ်လုပ်သည့် အချိန်များမှာပင် **နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားကို ကင်းတားစက်ရုံသို့ ပြန်လည်ပေးထားပြီး ကင်းတားစက်ရုံမှတစ်ဆင့် ရှင်းမြို့ကိုလည်း နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပေးထားခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ကင်းတားစက်ရုံ ရပ်နေပါကလည်း ရှင်းမြို့နယ်အနေဖြင့် ဓာတ်အားရရှိမြဲ ရရှိနေမည်ဖြစ်ပါကြောင်း၊ ဓာတ်အားတိုးချဲ့ဖြန့်ဖြူးမည့် ကိစ္စနှင့်ပတ်သက်၍ ရှင်းမြို့နယ် ရေဝေရေလဲဧရိယာကို ဓာတ်အားလိုင်းဖြတ်ပြီး မီးပေးမည့်အစား နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အားကို အောင်ပန်းမြို့မှတစ်ဆင့် ပင်းတယမြို့နှင့် ရှင်းမြို့ များသို့ ဆက်လက်ချိတ်ဆက်ပြီး ဓာတ်အားပို့လွှတ်ပေးပို့နိုင်ရေးအတွက် စီစဉ် ဆောင်ရွက်သွားမည့်အစီအစဉ်များ ရှိနေပြီဖြစ်ပါကြောင်း**ဖြင့် ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)

သံတွဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း၏ "ရခိုင်ပြည်နယ်မှ ပြည်သူများခံစားနေရသော လျှပ်စစ်ဓာတ်အားသုံးစွဲခနှုန်းထား"နှင့် စပ်လျဉ်းသည့်မေးခွန်းကို အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၁၄

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် သံတွဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းက **ရခိုင်ပြည်နယ်တွင် ၂၀၀၃ ခုနှစ်က စတင်၍ မြို့နယ်မီးလင်းရေးကော်မတီများ ဖွဲ့စည်းပြီး လျှပ်စစ်ဓာတ်အားပေးခြင်းလုပ်ငန်းများအား တာဝန်ယူဆောင်ရွက်စေခဲ့ပါကြောင်း၊ ယခုအခါ ဓာတ်အားခ တစ်ယူနစ် ငွေကျပ် ၄၅၀မှ ငွေကျပ် ၁၀၀၀ အထိ ပေးဆောင်နေရပါကြောင်း၊ ၎င်းဒေသများရှိ အစိုးရဌာနများ၏ ဌာနဆိုင်ရာနှုန်းဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုကိုပါ ဒေသခံ ပြည်သူများက မျှတကျခံပေးနေရသည့်သဘောဖြစ်နေပါကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲခနှုန်းထားအား အခြား တိုင်းဒေသကြီးနှင့် ပြည်နယ်များနည်းတူ ဖြစ်အောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိလိုပါကြောင်း** မေးမြန်းသည်။

အဆိုပါမေးမြန်းချက်နှင့် စပ်လျဉ်း၍ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန



သံတွဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း မေးမြန်းစဉ်။

(သတင်းစဉ်)

ဝန်ကြီး ဦးခင်မောင်မြင့်က ရခိုင်ပြည်နယ် အနေနှင့် နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားကို မရရှိသေးသော်လည်း ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား နေရာအနှံ့ ဖြန့်ဖြူးပေးနိုင်ရန်အတွက် ပြည်နယ်ရုံး (၁)ရုံး၊ ခရိုင်ရုံး (၄)ရုံး၊ မြို့နယ်ရုံး (၁၈)ရုံး၊ မြို့နယ်ခွဲရုံး (၃)ရုံး၊ မြို့ရုံး (၂)ရုံး စုစုပေါင်း လျှပ်စစ်အင်ဂျင်နီယာရုံးပေါင်း (၂၈)ရုံး ဆောက်လုပ်ထားရှိပြီး ဝန်ထမ်းအင်အား အရာထမ်း (၁၆)ဦး၊ အမှုထမ်း (၃၀၇)ဦး စုစုပေါင်း (၃၂၃) ဦးဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်နယ်မြို့တော်ဖြစ်သည့် စစ်တွေမြို့၊ ခရိုင်မြို့များဖြစ်သည့် သံတွဲ၊ ကျောက်ဖြူ၊ မောင်တောမြို့များအပါအဝင် စုစုပေါင်း (၂၈)မြို့နယ်အတွင်း၌ မီးစက်အလုံးပေါင်း (၁၀၀)ဖြင့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ ၎င်းမီးစက်များအတွက် စက်သုံးဆီ တစ်လလျှင် (၂၉၅၉၀)ဂါလန်၊ တစ်နှစ်လျှင် (၃၅၅၀၈၀)ဂါလန် နိုင်ငံတော်က ကျခံထားပါကြောင်း။

ခန့်အပ်ထားသည့် ဝန်ထမ်းအားလုံး၏ တစ်လ လစာ (၁၂ ဒသမ ၂၀၂)သန်းဖြစ်ပြီး တစ်နှစ်လျှင် (၁၄၆ ဒသမ ၄၃၁)သန်း ကုန်ကျပါကြောင်း၊ ရခိုင်ပြည်နယ်ရှိ လျှပ်စစ်ဝန်ထမ်းများအနက် ရခိုင်တိုင်းရင်းသား(၃၀၆)ဦး ပါဝင်သည့်အတွက် ၉၅ ရာခိုင်နှုန်းပါဝင်ပါကြောင်း၊ တပ်ဆင်ထားသည့် မီးစက်အားလုံး၏ တန်ဖိုးမှာ (၂၄၆၄ ဒသမ၅)သန်း ဖြစ်ပါကြောင်း၊ လောင်စာဆီတန်ဖိုးအနေနှင့် တစ်လလျှင် (၃၆ ဒသမ ၁၉)သန်းနှင့် တစ်နှစ် (၄၃၄ ဒသမ ၂၈၅) သန်းကုန်ကျပါကြောင်း၊ ထို့အပြင် စက်များ၊ ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်း၊ ကြံ့ခိုင်ထိန်းသိမ်းမှု ပြုလုပ်ခြင်း၊ လိုအပ်သည့် အဆောက်အအုံများ ဆောက်လုပ်ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် သာမန်နှင့် ငွေလုံးငွေရင်း အသုံးစရိတ် ငွေကျပ်သန်းပေါင်း (၁၇၇၆ ဒသမ ၇၂) သန်းကို နိုင်ငံတော်က ကျခံသုံးစွဲပေးခဲ့ပါကြောင်း။

ဌာနမှရရှိသည့် စက်သုံးဆီဖြင့် နှစ်နာရီသာ ဓာတ်အားပေးနေသော ရသေ့တောင်၊ မောင်တော၊ ဘူးသီးတောင်၊ ကျီးကန်းပြင်၊တောင်ပြိုလက်ဝဲ၊ကြိမ်ချောင်း၊ အမ်း၊ မအီ၊ ကျွန္တလီ၊ ပေါက်တော၊ ပလက်ဝ၊ ပုဏ္ဏားကျွန်း၊ မြေပုံ စုစုပေါင်း (၁၃)မြို့ အပါအဝင် ဌာနကပေးသည့် စက်သုံးဆီ သုံးစွဲနေသော မြို့များအတွက် ရိုးရိုးအိမ်သုံးမီတာ ၂၅ ကျပ်နှုန်း၊ စီးပွားရေးသုံးမီတာငွေကျပ်၅၀နှုန်းနှင့်ကောက်ခံခဲ့ရာ ဌာနအနေဖြင့် တစ်နှစ်အတွက် ငွေကျပ် (၄၅၃ ဒသမ ၆)သန်း အရှုံးခံကာ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါကြောင်း။

ဓာတ်အားပေးချိန် နှစ်နာရီထက်ပိုမိုရရှိလိုသည့် စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ ရမ်းဗြဲ၊ မာန်အောင်၊ တောင်ကုတ်၊ ဂွ စုစုပေါင်း (၁၀) မြို့တွင် မြို့မီးလင်းရေးကော်မတီများဖွဲ့စည်းပြီး စပါးခွံမီးစက်များ တည်ဆောက်ခြင်း၊ စက်သုံးဆီဖိုးကိုလည်း မီးလင်းရေးကော်မတီက ထပ်မံကျခံပြီး မီးပေးချိန်ကို ၄ နာရီမှ ၇ နာရီအထိ တိုး၍ ဆောင်ရွက်နေကြပါကြောင်း၊ ယင်းသို့ မီးပေးချိန် တိုးမြှင့်ပေးသည့်အတွက် ထုတ်လုပ်မှုကုန်ကျစရိတ်ပေါ် မူတည်၍ တစ်ယူနစ်လျှင် ငွေကျပ် ၄၀၀ မှ ငွေကျပ် ၆၀၀ အတွင်း ဒေသအလိုက် ကောက်ခံကြခြင်းဖြစ်ပါကြောင်း၊ **ဒေသအလိုက်မီးလင်းရေးကော်မတီကကောက်ခံနေသောနှုန်းများမှာ စစ်တွေ၊ ကျောက်ဖြူ၊ မြောက်ဦး၊ မာန်အောင်၊ တောင်ကုတ်တို့တွင် ငွေကျပ် ၄၀၀နှုန်း၊ ကျောက်တော်၊ မင်းပြား၊ ရမ်းဗြဲတို့တွင် ငွေကျပ် ၅၀၀နှုန်း၊ ဂွမြို့တွင် ငွေကျပ် ၅၅၀နှုန်းနှင့် သံတွဲမြို့တွင် ငွေကျပ် ၆၀၀ နှုန်းတို့သာ ဖြစ်ပါကြောင်း၊ ယခုအချိန်အထိ တစ်ယူနစ်လျှင် ငွေကျပ် ၁၀၀၀ ကောက်ခံနေသည့် နေရာ မရှိသေးပါကြောင်း။**

ထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် ဒီဇယ်တစ်ဂါလန်လျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ကုန်ကျပြီး တစ်ဂါလန်လျှင် ပျမ်းမျှ ၁၀ ယူနစ် ထွက်ရှိသည့်အတွက် တစ်ယူနစ်လျှင် ဆီဖိုး ငွေကျပ် ၃၀၀ ဖြစ်ပါကြောင်း၊ သယ်ပို့ဖြန့်ဖြူးစရိတ်မှာ တစ်ယူနစ် ၁၉ ကျပ် ဖြစ်သည့်အတွက် တစ်ယူနစ်ကုန်ကျစရိတ် စုစုပေါင်းမှာ ၃၁၉ ကျပ် ဖြစ်ပါကြောင်း။

မီးလင်းရေးကော်မတီ အများစုက ကောက်ခံနေသည့် တစ်ယူနစ်ကို ငွေ ကျပ် ၄၀၀ ဖြင့်တွက်ချက်ပါက တစ်ယူနစ် အတွက် ဒီဇယ်ဖိုး ငွေကျပ် ၃၀၀၊ သယ်ပို့စရိတ် ၁၉ ကျပ်၊ ဝန်ကြီးဌာနသို့ တစ်ယူနစ်ခိုင်ကြေး (Royalty Fee) ငါးကျပ်တို့ကို နုတ်ပါက ၇၆ ကျပ်သာ ကျန်ရှိပါကြောင်း၊ ယင်းကျန်ငွေ ၇၆ ကျပ်မှ စက်များ ကြံ့ခိုင်ထိန်းသိမ်းရေးစရိတ်များနှင့် မီးလင်းရေးအဖွဲ့ ရုံးစရိတ်များအတွက် သုံးစွဲရမည်ဖြစ်သဖြင့် ငွေကျပ်၄၀၀နှုန်းသည် သင့်လျော်သည့် နှုန်းထားဖြစ်ပါကြောင်း၊ သို့သော်လည်း ဒီဇယ် တစ်ဂါလန်ဈေး မြင့်တက်လာပါက တစ်ယူနစ် ထုတ်လုပ်စရိတ်လည်း မြင့်လာမည်ဆိုခြင်းကို သတိချပ်သင့်ပါကြောင်း။

နောက်နောင်တွင် ရခိုင်ပြည်နယ်အနေနှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်များနည်းတူ ခံစားခွင့်ရရှိရန် ရခိုင်ပြည်နယ်အတွင်း သံတွဲခရိုင် သံတွဲမြို့နယ်အတွင်း၌ သူငွေးချောင်းရေအားလျှပ်စစ်စီမံကိန်း (၁၁၁)မဂ္ဂါဝပ်နှင့်မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်အတွင်း၌ စိုင်ဒင်ရေအား လျှပ်စစ်စီမံကိန်း (၇၆ဒသမ၅)မဂ္ဂါဝပ်တို့ တည်ဆောက်လျက်ရှိပါကြောင်း၊ ယင်းစီမံကိန်းများပြီးစီးပါက သံတွဲ၊ တောင်ကုတ်၊ ကျောက်ဖြူ ရမ်းဗြဲ၊ ကျွန္တလီမြို့များတွင် ၆၆ ကေဗွီဓာတ်အားခွဲရုံများ တည်ဆောက်၍လည်းကောင်း၊ စိုင်ဒင်ရေအား လျှပ်စစ်စီမံကိန်းပြီးစီးပါက ပုဏ္ဏားကျွန်း၊ စစ်တွေ၊ မြောက်ဦး၊ မင်းပြား မြို့များသို့ ၆၆ကေဗွီဓာတ်အားခွဲရုံများ တည်ဆောက်၍လည်းကောင်း နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားကိုဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်ပြီး ဓာတ်အားစနစ်မှ ရရှိသော အခြားမြို့များနည်းတူ တစ်ယူနစ်လျှင် အိမ်သုံးမီတာ ၂၅ ကျပ်၊ စီးပွားရေးသုံးမီတာ ငွေကျပ် ၅၀ နှုန်းဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်မှာဖြစ်ပါကြောင်း။

တစ်ယူနစ်ဈေးနှုန်းကို ၂၅ ကျပ်၊ ငွေကျပ် ၅၀ နှုန်းဖြင့် ရောင်းချသည့်အတွက် အကျိုးအမြတ် များများကျန်မည်ဟု မထင်သင့်ပါကြောင်း၊ ၂၅ ကျပ်နှုန်း၊ ငွေကျပ် ၅၀ နှုန်းနှင့် ရောင်းချရသည့်အတွက် တစ်ပြည်လုံး သုံးစွဲသည့်ယူနစ်သန်းပေါင်း (၂၅၄၇ဒသမ၄၄၈)ယူနစ်အတွက်ငွေကျပ် သန်းပေါင်း(၈၄၆၉၀ဒသမ၃၉၇)ကျပ် ရရှိပါကြောင်း၊ ထို့ကြောင့် တစ်ယူနစ်

စာမျက်နှာ ၅ ကော်လံ ၁ သို့

ကျောက်မဲ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနယ်လ်ဆင်(ခ) စိုင်းဆောင်ဆီ၏ "ကြားဖြတ်ရွေးချယ်တင်မြှောက်ပွဲများကို ကျင်းပရန် မည်သို့ ပြင်ဆင်ထားသည်" နှင့် စပ်လျဉ်းသည့် မေးခွန်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၁၄

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ကျောက်မဲ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနယ်လ်ဆင် (ခ) စိုင်းဆောင်ဆီက **သမ္မတ၊ ဒုတိယသမ္မတ ရွေးချယ်ခံထားရသူများ အပါအဝင် အုပ်ချုပ်ရေးအာဏာအတွင်းသို့ ရောက်သွားကြမည့် လွှတ်တော်ကိုယ်စားလှယ်များ၏ နေရာတွင် အစားထိုးရွေးချယ်ရန် ကြားဖြတ်ရွေးချယ်တင်မြှောက်ပွဲများကို ကျင်းပရန် မည်သို့ပြင်ဆင်ထားသည်၊ မည်သည့်အချိန်တွင် ကျင်းပမည်၊ လွတ်လပ်၍ တရားမျှတမှုရှိစေရန် မည်သို့စီမံထားသည်ကို သိလိုပါကြောင်း** မေးမြန်းသည်။

သတ်မှတ်ကြေညာမည်

အဆိုပါမေးမြန်းချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးက ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ အပိုဒ် ၈၆ နှင့်အညီ လစ်လပ်သော လွှတ်တော်ကိုယ်စားလှယ် နေရာများတွင် အစားထိုးရွေးကောက်တင်မြှောက်နိုင်ရေးအတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ အကြောင်းကြားမည်ဖြစ်ပါကြောင်း၊ **ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် လစ်လပ်သော လွှတ်တော်ကိုယ်စားလှယ်များနေရာတွင် အစားထိုး ရွေးကောက်တင်မြှောက်နိုင်ရေးအတွက် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေ ၁၆ အရ အောက်ပါနေ့ရက်များကို သတ်မှတ်ကြေညာမည်ဖြစ်ပါကြောင်း-**

(က) လစ်လပ်သောမဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်၊

(ခ) လစ်လပ်သောမဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း စတင်တင်သွင်းနိုင်သည့်နေ့ရက်၊

(ဂ) လစ်လပ်သောမဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းနိုင်သည့် နောက်ဆုံးနေ့ရက်၊

(ဃ) လွှတ်တော် ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းလွှာများ စိစစ်မည့်နေ့ရက်၊

(င) လွှတ်တော် ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံးနေ့ရက်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြားဖြတ်ရွေးကောက်ပွဲများကို ကျင်းပနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်သွားသည့် မဲဆန္ဒနယ်များအတွက် မူလမဲစာရင်းကို အခြေပြု၍ နောက်ဆုံးအခြေအနေနှင့် ကိုက်ညီမှန်ကန်အောင် မဲစာရင်းများပြုစုခြင်း၊ မဲရုံ/မဲပုံးအစရှိသည့် ရွေးကောက်ပွဲအတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်ထားမည်ဖြစ်ပါကြောင်း။

ကျောက်မဲ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနယ်လ်ဆင် (ခ) စိုင်းဆောင်ဆီ မေးမြန်းစဉ်။
(သတင်းစဉ်)

ပွင့်လင်းရာသီ

ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရန် ခန့်မှန်းအချိန်ကာလမှာ ပွင့်လင်းရာသီ မိုးအကုန် ဆောင်းအကူး ဖြစ်သော ၂၀၁၁ ခုနှစ် အောက်တိုဘာ၊ နိုဝင်ဘာလခန့်တွင် ကျင်းပနိုင်မည်ဟု ခန့်မှန်းပါကြောင်း။

ဥပဒေများနှင့် အညီ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြားဖြတ်ရွေးကောက်ပွဲများကို လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် အညီ ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။
(သတင်းစဉ်)

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး မေး မြန်း ချက် ကို ပြန် လည် ဖြေ ကြားစဉ်။
(သတင်းစဉ်)

မင်းပြားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်သာ၏ "ရခိုင်ပြည်နယ်မင်းပြားမြို့အား လေးမြို့မြစ်ရေတိုက်စားမှုကာကွယ်ရေး" နှင့် စပ်လျဉ်းသည့် မေးခွန်းကို ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၁၄

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် မင်းပြားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်သာက **ရခိုင်ပြည်နယ် မင်းပြားမြို့သည် လေးမြို့မြစ်ရေတိုက်စားမှုကြောင့် နှစ်စဉ် မြို့ဧရိယာမြေများ ဆုံးရှုံးနေရပါကြောင်း၊ မြစ်ကမ်းနားရပ်ကွက်များရှိ လူနေအိမ်ခြေ တိုက်တာအဆောက်အအုံများ ပြိုကျပျက်စီးဆုံးရှုံးနေပါကြောင်း၊ ထိုသို့ ပျက်စီးဆုံးရှုံးမှုမဖြစ်စေရန် ရခိုင်ပြည်နယ်မင်းပြားမြို့အား လေးမြို့မြစ်ရေတိုက်စားမှုမှ ကာကွယ်ဆောင်ရွက်ပေးမည့် အစီအစဉ်များရှိပါက ဖြေကြားပေးပါရန်** မေးမြန်းသည်။

ဆောင်ရွက်ပေးလျက်ရှိ

အဆိုပါ မေးမြန်းချက်နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေက ရခိုင်ပြည်နယ် မင်းပြားမြို့အား လေးမြို့မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းကို ၁၉၉၉-၂၀၀၀ ဘဏ္ဍာရေးနှစ်မှ စတင်၍ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း -

(က) ၁၉၉၉-၂၀၀၀
သဲမွေ့ရာချထားခြင်း
ပေ ၁၃၂၀

(ခ) ၂၀၀၀-၂၀၀၁
Geotube ချထားခြင်း
ပေ ၂၄၉၀

(ဂ) ၂၀၀၄-၂၀၀၅
ကျောက်စီတမံ
ပေ ၃၅၀

(ဃ) ၂၀၀၅-၂၀၀၆
ကျောက်စီတမံ
ပေ ၁၈၀

(င) ၂၀၀၇-၂၀၀၈
ကျောက်စီ မြေထိန်းနံရံ
ပေ ၁၂၀

(စ) ၂၀၀၈-၂၀၀၉
ကျောက်စီ မြေထိန်းနံရံ
ပေ ၁၅၀

(ဆ) ၂၀၀၉-၂၀၁၀
ကျောက်စီ မြေထိန်းနံရံ
ပေ ၉၀

လက်ရှိ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်၌ ကျောက်စီမြေထိန်းနံရံ ပေ ၃၂၀ ကိုလည်း အောက်ဖော်ပြပါ နေရာများတွင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း-

မင်းပြားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်သာ မေးမြန်းစဉ်။
(သတင်းစဉ်)

ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန် ကြီး ဦးသိန်းဆွေ မေး မြန်း ချက် များကို ပြန်လည် ဖြေကြားစဉ်။
(သတင်းစဉ်)

(က) အမှတ်(၁) မြေထိန်းနံရံ
(စံမ္ဗလေချောင်းဝ)
ပေ ၇၀

(ခ) အမှတ်(၂) မြေထိန်းနံရံ
(ချောင်းဝအောက်ဘက်)
ပေ ၁၂၀

(ဂ) အမှတ်(၃) မြေထိန်းနံရံ
(ချောင်းဝအောက်ဘက်)
ပေ ၁၃၀

သို့ဖြစ်ပါ၍**မင်းပြားမြို့တွင် လေးမြို့မြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် ကမ်းထိန်း ကျောက်စီမြေထိန်းနံရံများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း**ဖြင့် ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လေးမြို့မြစ်ရေတိုက်စားမှုကာကွယ်ရေးအတွက် သက်ဆိုင်ရာဌာနက နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိသော်လည်း ယင်းသို့ဆောင်ရွက်ပေးနေသည့်ကြားက မြစ်ရေတိုက်စားမှုကို ဆက်လက်ခံစားနေရသေးသည်ဆိုလျှင် အခြားနည်းပညာဆိုင်ရာ လိုအပ်ချက်များ ရှိ၊ မရှိ စဉ်းစားသင့်ကြောင်း၊ လုပ်သလောက်အကျိုးရှိအောင်၊ ရေရှည်ခိုင်ခံ့အောင် နည်းလမ်းသစ်များ ရှာကြံဆောင်ရွက်သင့်ကြောင်း ဆွေးနွေးမှာကြားသည်။
(သတင်းစဉ်)

❑ စာမျက်နှာ ၄ မှ

ပျမ်းမျှ ရရှိငွေသည် (၃၃ ဒသမ ၂၅) ကျပ်သာ ဖြစ်ပါကြောင်း၊ ယင်းထဲက အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို တစ်ယူနစ်ဖိုး ငွေကျပ် (၂၀)ပေးရသည့်အတွက် (၁၃ ဒသမ ၂၅)ကျပ် ကျန်ရှိပါကြောင်း၊ တစ်ယူနစ်အတွက် အခြားကုန်ကျစရိတ်များဖြစ်သော လစာ၊ လောင်စာဆီ၊ အခွန်အခ၊ ပြုပြင်ထိန်းသိမ်းခများ ပေါင်းပါက (၁၂ ဒမသ ၆၂)ကျပ် ကုန်ကျပါကြောင်း၊ ထို့ကြောင့် နောက်ဆုံး တစ်ယူနစ်အတွက် ဝန်ကြီးဌာနအနေဖြင့် (၀ ဒမသ ၆၃)ကျပ် (၆၃ပြား) သာ ကျန်ရှိပါကြောင်း၊ ထိုသို့ကျန်သည့် အမြတ်ထဲမှ ဌာနကထုတ်ပေးသည့်ဆီကို သုံးစွဲနေသော တစ်နိုင်ငံလုံးရှိ မီးစက်မြို့များ၏ အရှုံးငွေပမာဏကိုလည်း ခုနှိမ်ပေးရပါကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနအနေဖြင့် ရသည့်အကျိုးအမြတ်သည် မပြောပလောက်ပါကြောင်း၊ နိုင်ငံတော်အနေနှင့် အကျိုးအမြတ်ကိုမတွက်ဘဲ ပြည်သူများအတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားရင်း ရခိုင်ပြည်နယ်၏ လျှပ်စစ်ဓာတ်အားနှုန်းထားများအပေါ် ရှင်းလင်းချက်ကို နိဂုံးချုပ်အပ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဦးရဲထွန်း၏ တင်ပြချက်တွင် ရခိုင်ပြည်နယ်အတွင်းရှိ အစိုးရဌာနများ၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို ဌာနဆိုင်ရာနှုန်းထားဖြင့်သာ ပေးသွင်းနေသည့်အတွက် လျှပ်စစ်ဓာတ်အား သုံးစွဲစရိတ်ကို ဒေသခံပြည်သူများက မျှတကျခံပေးနေရသည်ဟူသည့်အချက် ပါရှိပါကြောင်း၊ ၎င်းအချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ပြန်လည်သုံးသပ် ဆောင်ရွက်သွားရန် လိုကြောင်း ဆွေးနွေးမှာကြားသည်။
(သတင်းစဉ်)

ဗလငါးတန်ပွဲ့ပြီးဖို့ စာအုပ်စာပေလေ့လာစို့

ပလက်ဝမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်လင်း၏ "ချင်းပြည်နယ် ပလက်ဝမြို့မှ မြောက်ဘက် (၂၉)မိုင်အကွာရှိ ကုလားတန်မြစ်၏တစ်နေရာတွင် တောင်ပြိုပြီး ရေလမ်းပိတ်ဆို့မှု" နှင့် စပ်လျဉ်းသည့် မေးခွန်းကို ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၁၄

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပလက်ဝမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် **ဦးပိုက်လင်းက ချင်းပြည်နယ်ပလက်ဝမြို့မှ မြောက်ဘက် (၂၉)မိုင်အကွာရှိ ကုလားတန်မြစ်တွင် ၁၉၉၇ ခုနှစ်က တောင်ပြိုကျသဖြင့် ရေကြောင်းလမ်းပိတ်ဆို့နေပါကြောင်း၊ ၎င်းရေကြောင်းလမ်းကို သက်ဆိုင်ရာမှ အမြန်ဆုံး ကြည့်ရှုပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုပါကြောင်း၊ အစီအစဉ်ရှိလျှင် မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို ဖြေကြားပေးပါရန်** မေးမြန်းသည်။

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေက ကုလားတန်မြစ်တွင် ၁၉၉၇ ခုနှစ်က မြေငလျင်ကြောင့် တောင်ပြိုပြီး ရေလမ်းကြောင်းပိတ်ဆို့နေသည်ကို တရားဝင် တင်ပြခြင်း မရှိသည့်အတွက် သိရှိခဲ့ခြင်းမရှိကြောင်း၊ ကုလားတန်မြစ်သည် နွေရာသီတွင် ရေနည်းပြီး မိုးရာသီ၌လည်း ရေစီးသန်သည့်အတွက် သင်္ဘောများ ပြေးဆွဲအသုံးပြုနိုင်ခြင်း မရှိဘဲ ဒေသခံစက်လှေများသာ အသုံးပြုနိုင်သည့် မြစ်ကြောင်းလမ်းဖြစ်ပါကြောင်း၊ တောင်ပြိုကျ၍ ရေလမ်းပိတ်ဆို့နေသည့် နေရာသို့ ကျွမ်းကျင်သူ ပညာရှင်အဖွဲ့ စေလွှတ်ပြီး တိုင်းတာစစ်ဆေးမှုများ ပြုလုပ်စေမည်ဖြစ်ပါကြောင်း၊ ကျွမ်းကျင်သူ ပညာရှင်အဖွဲ့၏ တွေ့ရှိသုံးသပ်

စာမျက်နှာ ၆ ကော်လံ ၁ သို့ ●

ပလက်ဝမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်လင်း မေးမြန်းစဉ်။
(သတင်းစဉ်)

ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်း၏အဆိုကို အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည် (ခ) ခိုင်မောင်ရည်က ဆွေးနွေးပြီး ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်က ပြန်လည်ရှင်းလင်းဆွေးနွေး



ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင် ပြန်လည်ရှင်းလင်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၄

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ယခင် လွှတ်တော်အစည်းအဝေးများက လက်ခံဆွေးနွေးရန် အတည်ပြုထားသည့် ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်း၏ **"ချင်းပြည်နယ်အတွင်း နိုင်ငံခြားသားဧည့်သည်နှင့် ခရီးသည်များ ဝင်ရောက်သွားလာခွင့်ပြုရေး"** အဆိုကို အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည် (ခ) ခိုင်မောင်ရည်က **ချင်းပြည်နယ်သည် သာယာလှပပြီး ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားသော ဒေသတစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံခြားငွေကို ရှာဖွေပေးနေသည့် အဓိကကျသော လုပ်ငန်းများထဲတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ ယခုအခါ ချင်းပြည်နယ်အတွက် နိုင်ငံတော်အပိုင်းက ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ များစွာဆောင်ရွက်ပေးနေသည့်အတွက် အထူးပင်ဝမ်းမြောက်ရပါကြောင်း၊ ချင်းပြည်နယ်သည် ပြည်ထောင်စုကြီးနှင့်အတူ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ချင်းပြည်နယ်သို့ နိုင်ငံခြားကမ္ဘာလှည့်ခရီးသွားများ လာရောက်မှု ပိတ်ပင်ထားခြင်းများကို ဖွင့်လှစ်ပေးသင့်ပါကြောင်း၊ ဥပမာ- ၁၉၉၉ ခုနှစ် မတ်လတွင်ကျင်းပခဲ့သော ဟားခါး နှစ် ၁၀၀ ပြည့် ပွဲတော်သို့ တက်ရောက်ရန် မြန်မာပြည်သို့ တရားဝင်ရောက်ရှိလာသော ဟားခါးတွင် မွေးဖွားခဲ့သူ အမေရိကန်နိုင်ငံသားနှင့် ၎င်း၏ မိသားစုဝင်များအား ဟားခါးမြို့သို့ သွားလာခွင့်မပြုဘဲ ကလေးမြို့အထိသာ သွားလာခဲ့ရခြင်းကဲ့သို့ကိစ္စများကို ဖွင့်ပေးသင့်ပါကြောင်း။**

ဖွံ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ကူးပြောင်းရာတွင် ဖွံ့ဖြိုးတိုးတက်၍ ငြိမ်းချမ်းမှုကို ရှေးရှုသော စနစ်များနှင့်အတူ အသစ်အသစ်သော အကြံသစ်၊နည်းသစ်၊ ဥပဒေအသစ်များကို ပိုမိုလက်ခံဖော်ဆောင်သွားနိုင်ရန် အပြုသဘောဆွေးနွေးမှုဖြင့် ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်း၏ အဆိုကိုထောက်ခံဆွေးနွေးအပ်ပါကြောင်း ဖြင့် ဆွေးနွေးသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်က မြန်မာနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် လာရောက်လိုကြသော နိုင်ငံခြားသား ဧည့်သည်နှင့် ခရီးသည်များသည် နိုင်ငံရပ်ခြား၌ မြန်မာသံရုံးနှင့်ကောင်စစ်ဝန်ချုပ်ရုံးများ၌ ပြည်ဝင်ခွင့်ဗီဇာ လျှောက်ထားရယူ၍ လာရောက်လျက်ရှိပါကြောင်း၊ ကာလအားဖြင့် မြန်မာပြည်တွင်း၌ ၂၈ ရက်အထိ ခွင့်ပြုထားပါကြောင်း၊ ယင်းသို့ လာရောက်ရာတွင် ရန်ကုန်နှင့် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ ၂၀၁၀ ခုနှစ်အတွင်း လာရောက်ခဲ့သော နိုင်ငံခြား ဧည့်သည်နှင့် ခရီးသည် စုစုပေါင်း (၃၁၀၆၈၈) ဦးရှိခဲ့ပါကြောင်း၊ ယင်းအရေအတွက်တွင် ကမ္ဘာလှည့်ခရီးသည်ဗီဇာဖြင့် ဝင်ရောက်သောခရီးသည် (၂၀၁၉၇၁) ဦး အပါအဝင်ဖြစ်ပါကြောင်း။

ကမ္ဘာလှည့်ခရီးသည်လုပ်ငန်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်က မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များ ဤလုပ်ငန်း၌ ပါဝင်လုပ်ကိုင်နိုင်ရန် ဟိုတယ်လုပ်ငန်းနှင့် တည်းခိုရိပ်သာလုပ်ငန်း၊ ခရီးလှည့်လည်ရေးလုပ်ငန်း၊ ခရီးသွားလာသူများ ပို့ဆောင်ရေးလုပ်ငန်းနှင့် ဧည့်လမ်းညွှန်လုပ်ငန်းများကို လုပ်ငန်းလိုင်စင်များဖြင့် ခွင့်ပြုလုပ်ကိုင်စေလျက်ရှိပါကြောင်း။

၂၀၁၀ ခုနှစ်အထိ တစ်နိုင်ငံလုံးတွင် ဟိုတယ်နှင့်တည်းခိုရိပ်သာ (၆၉၁)လုံး၊ ခရီးလှည့်လည်ရေး ကုမ္ပဏီ (၆၅၈)ခု၊ ခရီးသည်ပို့ဆောင်ရေးယာဉ် (၂၁၅)စီးနှင့် ဧည့်လမ်းညွှန် (၄၀၇၇)ဦးရှိပါကြောင်း။

ကမ္ဘာလှည့်ခရီးသည် ဗီဇာဖြင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော နိုင်ငံခြားသားများ၊ ကမ္ဘာလှည့် ခရီးသည်များအား မြန်မာနိုင်ငံအတွင်း ၎င်းတို့၏ ခရီးစဉ်အတိုင်း သွားလာနိုင်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ တစ်ဆင့် ကြိုတင်ခွင့်ပြုချက်ရယူ၍ သွားလာနိုင်ခြင်းတို့နှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနမှ ကမ္ဘာလှည့်ခရီးသည်များနှင့် နိုင်ငံခြားသား ဧည့်သည်များ ခရီးသွားလာခြင်းဆိုင်ရာ စည်းကမ်း၊ သတ်မှတ်ချက်အမိန့်၊ ညွှန်ကြားချက်ကို ထုတ်ပြန်ထားရှိပါကြောင်း၊ ယင်းအမိန့် ညွှန်ကြားချက်နှင့်အညီမြန်မာနိုင်ငံအတွင်း၌ ခရီးသည်များနှင့် နိုင်ငံခြားသား ဧည့်သည်များ လေ့လာလည်ပတ်လျက်ရှိပါကြောင်း။

၁၉၉၆ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော ပြည်ထဲရေးဝန်ကြီးဌာန၏ ကမ္ဘာလှည့် ခရီးသည်များနှင့် နိုင်ငံခြားသား ဧည့်သည်များ ခရီးသွားလာခြင်းဆိုင်ရာ အမိန့် ညွှန်ကြားချက်တွင် ထိုစဉ်က ချင်းပြည်နယ်အတွင်း သွားလာမှုကို ကန့်သတ်ချက်အချို့ရှိခဲ့သော်လည်း ၁၉၉၇ ခုနှစ်၌ နတ်မတောင်အမျိုးသားဥယျာဉ်ကို ဖွင့်လှစ်ခဲ့ပြီး ၂၀၀၂ ခုနှစ်မှစတင်၍ ကမ္ဘာလှည့်ခရီးသည်များ ယင်းဒေသနှင့် ချင်းပြည်နယ်အတွင်း လေ့လာလည်ပတ်မှုများကို ကြိုတင်ခွင့်ပြုချက်ရယူကာ ခွင့်ပြုပေးခဲ့ပါကြောင်း၊ နောက်ပိုင်းတွင် **မြန်မာနိုင်ငံသို့ကမ္ဘာလှည့်ခရီးသည်များဝင်ရောက်မှု ပိုမိုလာခြင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းကို စိတ်ဝင်စားလာခြင်းတို့ကြောင့်** ၂၀၀၇ ခုနှစ်၌ ပြည်ထဲရေးဝန်ကြီးဌာနက **စီးပွားရေးလုပ်ကိုင်မည့် နိုင်ငံခြားသားများ၊ ကမ္ဘာလှည့်ခရီးသည်များနှင့် အကြောင်းအမျိုးမျိုးဖြင့် ဝင်ထွက်သွားလာနေကြသည့် နိုင်ငံခြားသားများအတွက် လိုအပ်သည့် ညွှန်ကြားချက်များထုတ်ပြန်ပြီး ချင်းပြည်နယ်အတွင်း ကန်ပက်လက်၊ နတ်မတောင်၊ မင်းတပ်၊ အေးရှာစခန်း၊ ရမ်ဆီစခန်း၊ (၈)မိုင်စခန်း၊ ကနေဒီတောင်၊ ဖလမ်းနှင့်ဟားခါးတို့သို့ ခရီးသွား လုပ်ငန်း ကုမ္ပဏီများ၏ အစီအစဉ်ဖြင့် လှည့်လည်သွားလာသည့် အဖွဲ့ (Package Tour Group)နှင့် တစ်ဦးချင်း လွတ်လပ်စွာလှည့်လည်သွားလာသူ (Foreign Independent Traveller) များအား ကြိုတင်ခွင့်ပြုချက်ရယူ၍ သွားလာခွင့်ပြုခဲ့ပါကြောင်း။**

ယင်းသို့သွားလာခွင့်ပြုသည့်အတွက် ၂၀၀၈ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် (၈၀)၊ ၂၀၀၉ ခုနှစ်တွင် (၁၅၀)၊ ၂၀၁၀ ခုနှစ်တွင် (၂၈၀)တို့ ချင်းပြည်နယ်အတွင်း ဝင်၊ ထွက် သွားလာခဲ့ပါကြောင်း၊ ၂၀၁၁ ခုနှစ် ဇန်နဝါရီတစ်လတည်းတွင် ချင်းပြည်နယ် နတ်မတောင်သို့ ကမ္ဘာလှည့် ခရီးသည် (၁၁၂)ဦး လာရောက် လေ့လာခဲ့ပါကြောင်း။

ဟားခါး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးငွန်မောင်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရည် (ခ) ခိုင်မောင်ရည် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ်သည် တောင်ပေါ်ဒေသဖြစ်၍ လမ်းခရီးကြမ်းတမ်းခြင်း၊ ပို့ဆောင်ရေးယာဉ်များ ခက်ခဲခြင်း၊ ခရီးသွားလာရာတွင်အချိန်ကြာမြင့်ခြင်း၊ လမ်းခရီးတစ်လျှောက် တည်းခိုနေထိုင်ရန် အဆောက်အအုံ ကန့်သတ်ချက်ရှိခြင်း၊ ခရီးစဉ်တစ်လျှောက် လုံခြုံရေးဆောင်ရွက်ရခြင်းနှင့် အခြားမလိုလားအပ်သော မတော်တဆမှုများ မပေါ်ပေါက်အောင် ထိန်းသိမ်းရခြင်းတို့ကြောင့် ဤခရီးစဉ်များ ဆောင်ရွက်ခွင့်ပြုရာတွင် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန တစ်ခုတည်းသာမက သက်ဆိုင်ရာဝန်ကြီးဌာနများပါဝင်သော ကော်မတီများက အဆင့်ဆင့်စိစစ်ခြင်း၊ နယ်မြေဒေသရှိ အဖွဲ့အစည်းအသီးသီးသို့ကြိုတင်အသိပေးညှိနှိုင်း အကြောင်းကြားခြင်းတို့ ပြုလုပ်ပြီးနောက် ခရီးစဉ်တစ်လျှောက်လိုင်စင်ရ ဧည့်လမ်းညွှန်များလိုက်ပါစေပြီး သွားလာခွင့်ပြုလျက် ရှိပါကြောင်း။

မြန်မာနိုင်ငံသို့ နှစ်စဉ် ကမ္ဘာလှည့် ခရီးသည် နိုင်ငံခြားသားဧည့်သည်များ လာရောက်မှုပိုမိုများပြားလာသည်နှင့်အမျှ ချင်းပြည်နယ်သို့ လာရောက်မှုမှာလည်း အချိုးညီစွာ ပိုမိုများပြားလာမှာဖြစ်ပါကြောင်း၊ ယင်းသို့ လာရောက်သည့်အခါ ဧည့်သည်များ အဆင်ပြေရန်အတွက် အခြေခံ အဆောက်အအုံများလည်း သင့်တင့်လျောက်ပတ်စွာ တည်ရှိရန်လိုအပ်ပါကြောင်း၊ သို့မှသာ ခရီးသည်များ၏ ကျေနပ်နှစ်သိမ့်မှုရရှိပြီး နောင်အခါတွင် ထပ်မံပိုမိုလာရောက်ကြမည်ဖြစ်ပါကြောင်း။

ချင်းပြည်နယ်သည် အခြားတိုင်းဒေသကြီးများနှင့် ပြည်နယ်များကဲ့သို့ သာယာလှပသည့်ဒေသဖြစ်သည့်အတွက် ကမ္ဘာလှည့်ခရီးသည် နိုင်ငံခြားသားဧည့်သည်များသာမက ပြည်တွင်းခရီးသည်များ လာရောက်လည်ပတ်အောင်လည်း ဆွဲဆောင်ဖိတ်ခေါ်သင့်ပါကြောင်း။

သို့ဖြစ်ပါ၍ ၂၀၀၂ ခုနှစ်မှစတင်ပြီး ချင်းပြည်နယ်အတွင်း ကမ္ဘာလှည့်ခရီးသည်နှင့် နိုင်ငံခြားသား ဧည့်သည်များ ဝင်၊ ထွက်သွားလာခွင့်ကို ခွင့်ပြုထားရှိပါကြောင်းနှင့် ချင်းပြည်နယ်အတွင်း နိုင်ငံခြားသားဧည့်သည်နှင့် ခရီးသည်များ ရောက်ရှိမှုမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လျက်ရှိပါကြောင်း၊ လိုအပ်သည်များကိုလည်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် ချင်းပြည်နယ် ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်းတင်သွင်းသည့် အဆိုအား ဆောင်ရွက်ပြီးဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်း၏အဆိုအပေါ် ဆွေးနွေးသူ (၁)ဦးနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးတို့က ကျိုးကြောင်းဆီလျော် ပြည့်စုံစွာ ရှင်းလင်းဆွေးနွေးပြီးဖြစ်သည့်အတွက် အားလုံးနားလည်သဘောပေါက်ကြပြီးဖြစ်မည်ဟု မျှော်လင့်ပါကြောင်း၊ ထို့ကြောင့် ၎င်းဆွေးနွေးချက်များအပေါ် ဦးငွန်မောင်း၏သဘောထားကို သိလိုပါကြောင်း မေးမြန်းသည်။

ပြည့်ပြည့်စုံစုံရှင်းလင်းဆွေးနွေး

ထို့နောက် အဆိုတင်သွင်းခဲ့သည့် ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်းက ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးက အသေးစိတ် ပြည့်ပြည့်စုံစုံ ရှင်းလင်း ဆွေးနွေးသွားသည့်အတွက် အင်မတန်ကျေးဇူးတင်ပါကြောင်း၊ သို့ပါ၍ ဤအဆိုကို ဆက်လက်ဆွေးနွေးရန် မလိုတော့ပါကြောင်း တင်ပြသည်။

ယင်းသို့ ကာယကံရှင်၏ တင်ပြချက်အပေါ် လွှတ်တော်က သဘောတူသည့်အတွက် **"ချင်းပြည်နယ် အတွင်း နိုင်ငံခြားသားဧည့်သည်နှင့် ခရီးသည်များ ဝင်ရောက်သွားလာခွင့်ပြုရေး"**အဆိုကို သီးခြား ထပ်မံတင်ပြဆွေးနွေးရန် မလိုတော့ကြောင်း ဆုံးဖြတ်ကြေညာသည်။ (သတင်းစဉ်)

● စာမျက်နှာ ၅ မှ

အစီရင်ခံတင်ပြချက်အပေါ်မူတည်၍ နိုင်ငံတော်အဆင့်မှ ဆောင်ရွက်ပေးရန် လိုအပ်ပါက နိုင်ငံတော်အဆင့်မှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဒေသအာဏာပိုင်အဆင့်ဖြင့်ဆောင်ရွက်နိုင်မည့်လုပ်ငန်းဖြစ်ပါကလည်း ဒေသအာဏာပိုင်မှ ဆက်လက်အရေးယူ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကုလားတန်မြစ်တွင် မြစ်ကြောင်းသွားလာမှု ကန့်သတ်ချက်များ ရှိနေပါက ဒေသခံပြည်သူများ သွားရေးလာရေး အဆင်ပြေစေရေးအတွက်အခြားနည်းလမ်းများ ရှာကြံ၍ လိုအပ်သလို တင်ပြဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း၊ ကုလားတန်မြစ်တွင် ၁၉၉၇ ခုနှစ်က မြေလျှောင်ကြောင့် တောင်ပြိုပြီး ရေလမ်းကြောင်းပိတ်ဆို့နေသည်ကို တရားဝင်တင်ပြခြင်းမရှိသည့်အတွက် ပြည်ထောင်စုအဆင့်က သိရှိခဲ့ခြင်း မရှိသည်ကို တွေ့ရှိရကြောင်း၊ နောက်နောင်တွင် ယင်းကဲ့သို့သောအရေးကြီးသည့်သတင်းကိစ္စများကို သက်ဆိုင်ရာတာဝန်ရှိသူများမှတစ်ဆင့် အဆင့်ဆင့် သတင်းပို့နိုင်ရန် ဆောင်ရွက်သင့်ကြောင်း ဆွေးနွေးမှာကြားသည်။ (သတင်းစဉ်)

ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်း၏အဆိုကို ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်းက ဆွေးနွေးပြီး နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်က ပြန်လည်ရှင်းလင်းဆွေးနွေး

နေပြည်တော် မတ် ၁၄

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ယခင် လွှတ်တော်အစည်းအဝေးများက လက်ခံဆွေးနွေးရန် အတည်ပြုထားသည့် ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်း၏ **"ချင်းပြည်နယ်၏မြို့တော် ဟားခါးကို အခြားပြည်နယ် မြို့တော်များကဲ့သို့ အဆင့်မီတည်ဆောက်ပေးရေး"** အဆိုကို ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်းက **ချင်းပြည်နယ်မြို့တော် ဟားခါးမြို့သည် သဘာဝအလျောက် အလွန်လှပသော မြို့ဖြစ်ပါကြောင်း၊ သို့ရာတွင် မြို့တော်ရှိလမ်းများမှာ ပြည်နယ် မြို့တော်အဆင့် လမ်းများမဟုတ်သေးပါကြောင်း၊ လမ်းမကြီးများနှင့် လမ်းသွယ်များတွင် တချို့ကတ္တရာခင်းပြီးဖြစ်သော်လည်း တစ်နှစ်ခန့်သာခံပြီး မိုးရွာသည်နှင့် ပြန်လည်ပျက်စီးသည်ကို တွေ့ရပါကြောင်း၊ သို့ပါ၍ မြို့လှပစေရန်နှင့် သွားလာရေးလွယ်ကူချောမွေ့စေရန် ဟားခါးမြို့ရှိ လမ်းမကြီးများနှင့် လမ်းသွယ်အားလုံးကို စံချိန်စံညွှန်းမီ ကတ္တရာလမ်းများ ခင်းပေးရေး ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း။**

ဟားခါးမြို့ လျှပ်စစ်ဓာတ်အား ရရှိမှုမှာလည်း အလွန်နည်းပါးနေပါကြောင်း၊ ဓာတ်အား ပုံမှန်မရရှိသဖြင့် စက်မှုလက်မှုလုပ်ငန်းများ မလုပ်ကိုင်နိုင်သည့်အပြင် နိုင်ငံတော်မှထုတ်လွှင့်သောရုပ်မြင်သံကြားများကိုပင် ပုံမှန်ကြည့်ရှုရန် အခက်အခဲရှိပါကြောင်း၊ သို့ပါ၍ ပြည်နယ်မြို့တော်နှင့်အညီ လျှပ်စစ်ဓာတ်အား (၂၄)နာရီ ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း။

ဟားခါးမြို့သည် တောင်ပေါ်မြို့ဖြစ်သဖြင့် နွေရာသီအချိန် ရေရှားပါးမှုနှင့် နှစ်စဉ်ကြုံတွေ့နေရပါကြောင်း၊ သို့ပါ၍ ရေလုံလောက်စွာ ရရှိရေးနှင့် ရေပေးရေဝေစနစ်ကောင်းမွန်ရေးအတွက် လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ဦးငွန်မောင်း၏အဆိုကိုထောက်ခံပါကြောင်း ဖြင့် ဆွေးနွေးသည်။

ထို့နောက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်က မြို့များသာယာလှပရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ၁၉၉၃ ခုနှစ် ဧပြီလ (၁)ရက်နေ့စွဲဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် (၅/၉၃)ဖြင့် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကို ထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ (၉)တွင် လုပ်ငန်းတာဝန် (၃၁)ချက်အား အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ကြီးကြပ်ကွပ်ကဲရန် သတ်မှတ်ပေးခဲ့ပါကြောင်း။

အဆိုပါလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြို့နယ်အတွင်း ဥပဒေအရ ခွင့်ပြုသည့် အခွန်၊ အခ၊ အကောက်များကို ကောက်ခံ၍ ရငွေအား ဝင်ငွေအဖြစ် သတ်မှတ်ပြီး ဥပဒေနှင့်အညီ ဝန်ကြီးဌာနခွင့်ပြုချက်ဖြင့် မြို့ပြသာယာလှပရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်ရသော ဒေသန္တရအဖွဲ့အစည်းများဖြစ်ပါကြောင်း။

ဟားခါးမြို့နယ်အနေဖြင့် နှစ်စဉ် ကောက်ခံရရှိသည့်အခွန်၊အခ၊အကောက်မှာ ဝင်ငွေနည်းပါးသဖြင့် နိုင်ငံတော်မှ နှစ်စဉ်ထောက်ပံ့ငွေဖြင့် ထပ်ဆောင်း၍ မြို့သာယာလှပရေး လုပ်ငန်းများကို ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ မြို့တွင်း ကတ္တရာလမ်းများကိုလည်း မိုးများသည့်ဒေသများတွင် ဆောင်ရွက်သည့် နည်းစနစ်နှင့် စံချိန်စံညွှန်းများအတိုင်း လမ်းခင်းခြင်း၊ ဒီဇိုင်းပုံစံပြောင်းလဲခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြို့သာယာလှပရေးအတွက် လမ်းများအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဥပမာ ရှင်းလင်းတင်ပြရပါက မြို့ပြလမ်းများ အနေဖြင့် လမ်း (၂၁)လမ်း အရှည်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ◆

◆ စာမျက်နှာ ၆ မှ

၇ မိုင် ၄ ဖာလုံအား ကတ္တရာလမ်းအဖြစ် လည်းကောင်း၊ လမ်း (၅)လမ်း အရှည် ၁ မိုင် ၃ ဖာလုံအား ကျောက်ချောလမ်းအဖြစ် လည်းကောင်း၊ လမ်း (၁၂)လမ်း အရှည် ၁၃ မိုင် ၂ ဖာလုံအား အမာခံလမ်းများအဖြစ်လည်းကောင်း အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ တံတားတည်ဆောက်ရန် လိုအပ်သောနေရာများ၌ ကွန်ကရစ်တံတား (၅)စင်းနှင့် သစ်သားတံတား (၁၅)စင်းတို့အား တည်ဆောက်ပေးနိုင်ခဲ့သည့် အပြင် ဆောက်လုပ်ရေး ဝန်ကြီးဌာနကလည်း မြို့တွင်းလမ်း (၂)လမ်းတွင် အရှည် ၄ မိုင် ၆ ဖာလုံအား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ လမ်းများပြုပြင်ထိန်းသိမ်းရေးအတွက်လည်း နှစ်စဉ်ပြုပြင်ထိန်းသိမ်းရေး စရိတ်ငွေများ ခွင့်ပြု ဆောင်ရွက်လျက် ရှိပါကြောင်း။

သန့်ရှင်းသောသောက်သုံးရေရရှိရေး လုပ်ငန်းအနေဖြင့် ဟာအိုချဲအိုဗား ရေထွက်မှ တစ်ရက်လျှင် ဂါလန် ၆ သောင်းခန့်၊ ရှုန်းတောင်ရေထွက်မှ တစ်ရက်လျှင် ဂါလန် ၂ သောင်းခန့်၊ ဗားပီးဗားရေထွက်မှ တစ်ရက်လျှင် ဂါလန် ၂ သောင်းခန့်၊ စိုက်ပျိုးရေးရေထွက်မှ တစ်ရက်လျှင် ဂါလန် ၄ ဒသမ ၅ သောင်းခန့်၊ ဇာကျုံးလိုဗားရေထွက်မှ တစ်ရက်လျှင် ဂါလန် ၁ ဒသမ ၅ သောင်းခန့်၊ မာရ်ဗားရေထွက်မှ တစ်ရက်လျှင် ဂါလန် ၂ သောင်းခန့် စသည့် စုစုပေါင်း ရေထွက် (၁၃)ခုမှ ပုံမှန်အားဖြင့် တစ်ရက်လျှင် ရေဂါလန် ၃၅၀၀၀၀ ခန့်နှင့် နွေရာသီတွင် တစ်ရက်လျှင် ၂၅၀၀၀၀ ခန့် ဖြန့်ဝေလျက်ရှိပြီး ထပ်မံ၍ ရေထွက်များရှာပြီး ရေပိုမိုရရှိရေး ဆောင်ရွက်ရန် ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့သို့လည်း စည်ပင်သာယာရေးဦးစီးဌာနက ညွှန်ကြားထားပါကြောင်း။

ထို့အပြင် ဟားခါးမြို့အား မြို့အင်္ဂါရပ်နှင့် ညီစေရန် အလျားပေ ၁၂၀၊ အနံပေ ၆၀၊ အမြင့်ပေ ၃၀ ရှိသော အဆင့်မီ မြို့တော်ခန်းမအား ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ကျောင်းသားအားကစားပွဲတော် ကျင်းပနိုင်ရန်အတွက် အကျယ်အဝန်း ၇ ဒသမ ၅ ဧကရှိသော ဝမ္မသူးမောင် အားကစားကွင်းအား လည်းကောင်း၊ အလျားပေ ၁၂၀၊ အကျယ် ပေ ၁၁၀၊ အမြင့် ၂၈ ပေရှိ ခိုင်ကမ်းအားကစားရုံအား လည်းကောင်း၊ အလျားပေ ၁၂၀၊ အကျယ်ပေ ၁၁၀၊ အမြင့် ၂၈ ပေရှိ ဗိုလ်တိုက်ချွန်း အားကစားရုံအား လည်းကောင်း၊ အလျားပေ ၉၀၊ အနံပေ ၆၀၊ အမြင့် ၂၅ ပေရှိ ဗိုလ်ကျွမ်းပိအားကစားရုံကို လည်းကောင်း တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း။

အများပြည်သူအပန်းဖြေနိုင်ရန်အတွက် စည်ပင်သာယာရေးဦးစီးဌာနက အကျယ် ၁ ဒသမ ၃၈ ဧကရှိသော မြို့နယ်ပန်းခြံအား တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း၊ ဟားခါးမြို့တွင် ဆင်းရဲနွမ်းပါးသည့် တိုင်းရင်းသားလူငယ်များအား ပညာတတ်လူငယ်များ ဖြစ်ပေါ်လာရေးအတွက် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက လူငယ်သင်တန်းကျောင်းများအား ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး အဆိုပါကျောင်းများမှ အခြေခံပညာအထက်တန်းအောင်မြင်သော ကျောင်းသားများအား ရန်ကုန်နှင့် မန္တလေးမြို့များတွင်ရှိသော တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များတွင် ဆက်လက်သင်ကြားပေးပါကြောင်း၊ ဝိဇ္ဇာ/သိပ္ပံနှင့် အင်ဂျင်နီယာ ဘာသာရပ်များကို မဟာဘွဲ့နှင့် ပါရဂူဘွဲ့များ ရသည်အထိ အခြားတက္ကသိုလ်များနှင့် ဆက်စပ်သင်ကြားပေးပြီး ဝန်ကြီးဌာနအသီးသီးတွင် နိုင်ငံ့ဝန်ထမ်းများအဖြစ် တာဝန်များထမ်းဆောင်စေခဲ့ပါကြောင်း၊

ထန်တလန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇာတလဲမ်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ်အတွင်း လူငယ်သင်တန်းကျောင်း (၉)ကျောင်း ဖွင့်လှစ်ပေးခဲ့ပါကြောင်း။

အလားတူ ဟားခါးမြို့တွင် အိမ်တွင်းမှုသက်မွေးသင်တန်းကျောင်း ဖွင့်လှစ်ပြီး နယ်စပ်ဒေသရှိ အမျိုးသမီးငယ်လေးများ အသက်မွေးဝမ်းကျောင်းပညာ ရရှိစေရေးအတွက် ဒေသခံအမျိုးသမီးများအား အိမ်တွင်းမှုသက်မွေးပညာရပ်များအား အခမဲ့သင်ကြားစေခဲ့ပြီး အလုပ်အကိုင်ရသည်အထိ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ချင်းပြည်နယ်အတွင်း အိမ်တွင်းမှု သင်တန်းကျောင်း (၆)ကျောင်း ဖွင့်လှစ်ပေးခဲ့ပါကြောင်း။

ဒေသခံတိုင်းရင်းသားများ၏ ကျန်းမာရေး စောင့်ရှောက်မှုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ခုတင် (၂၀၀)ဆံ့ ဟားခါးပြည်သူ့ဆေးရုံ (၂)ထပ်ဆောင်ကိုလည်း (၂၀၁၀)ခုနှစ်တွင် ဝန်ကြီးချုပ်ကိုယ်တိုင် ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ အခြားဝန်ကြီးဌာနများမှလည်း ပြည်နယ်အဆင့်မီ ရုံးများ၊ ရိပ်သာများ၊ အခြားအဆောက်အအုံများ ဆောက်လုပ်ပေးခဲ့သဖြင့် ဟားခါးမြို့သည် ယခင်နှင့်မတူ တိုးတက်ပြောင်းလဲနေသည်ကို တွေ့ရှိရမှာ ဖြစ်ပါကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၂၅၄)အရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ အခွန်အခများကို ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေအတိုင်း ကောက်ခံပြီး သက်ဆိုင်ရာမြို့များတွင် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေနှင့်အညီ ပြန်လည်သုံးစွဲရန် ခွင့်ပြုထားပါကြောင်း၊ ထို့ကြောင့် နောင်တွင် ပြည်နယ်ဝန်ကြီးချုပ်ကလည်း လက်ရှိအရှိန်အဟုန်အတိုင်း မြို့အင်္ဂါရပ်နှင့်အညီ ဆက်လက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ချင်းပြည်နယ်၏မြို့တော် ဟားခါးမြို့ကို အဆင့်မီမြို့တော်တစ်ခုအဖြစ် တစ်ဆင့်ပြီး တစ်ဆင့် တည်ဆောက်ပေးလျက်ရှိပြီး ယခုတင်ပြချက်သည် နိုင်ငံတော်က ဆောင်ရွက်နေသော လုပ်ငန်းဖြစ်သည့်အတွက် သီးခြားအဆိုပြု တင်ပြရန်မလိုအပ်တော့ပါကြောင်း သိရှိနိုင်ပါရန် ပြန်လည်ဖြေကြားအပ်ပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်း၏ အဆိုအပေါ် ဆွေးနွေးသူ (၁)ဦးနှင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီးတို့က ပြည့်စုံစွာ ရှင်းလင်းဆွေးနွေးပြီးဖြစ်သည့်အတွက် နားလည်သဘောပေါက်ကြပြီး ဖြစ်ပါကြောင်း၊ ဝန်ကြီးက ဟားခါးမြို့အတွက် လမ်း၊ လျှပ်စစ်မီး၊ သောက်သုံးရေကိစ္စများအပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကိုပါ ပြည့်စုံစွာ ဆွေးနွေးသွားပြီး ဦးငွန်မောင်း၏ အဆိုသည် သီးခြားထပ်မံတင်ပြဆွေးနွေးရန် မလိုတော့သည့်အဆိုဖြစ်ကြောင်း ဆွေးနွေးသွားပါကြောင်း၊ သို့ပါ၍ ၎င်းဆွေးနွေးချက်များအပေါ် ဦးငွန်မောင်း၏ သဘောထားကို သိလိုပါကြောင်း မေးမြန်းသည်။

ထို့နောက် အဆိုတင်သွင်းခဲ့သည့် ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်းက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး၏ ရှင်းလင်းဆွေးနွေးချက်များအပေါ် ကျေးဇူးတင်ပါကြောင်းနှင့် မိမိ၏အဆိုကို ဆက်လက်ဆွေးနွေးရန် မလိုတော့ပါကြောင်း တင်ပြသည်။

ယင်းသို့ ကာယကံရှင်၏ တင်ပြချက်အပေါ် လွှတ်တော်ကသဘောတူသည့်အတွက် **“ချင်းပြည်နယ်၏ မြို့တော် ဟားခါးကို အခြားပြည်နယ် မြို့တော်များကဲ့သို့ အဆင့်မီ တည်ဆောက်ပေးရေး”** အဆိုကို ဆက်လက် တင်သွင်းဆွေးနွေးရန် မလိုတော့ကြောင်း ကြေညာသည်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် ပြန်လည်ရှင်းလင်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက အဆိုတင်သွင်းခြင်းနှင့် ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်

နေပြည်တော် မတ် ၁၄

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက အသစ်တင်သွင်းသော အဆိုများကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ် ရယူသည်။

ရှေးဦးစွာ မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦးက **“မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန်”** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်းက ထောက်ခံပါကြောင်း တင်ပြသည်။

ထို့နောက် ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် ပြည်သူ့လွှတ်တော်၏ ဆန္ဒကိုရယူရာ လွှတ်တော်ကသဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး တင်သွင်းသည့်အဆိုကို ၂၀၁၁ ခုနှစ် မတ်လ (၁၅) ရက် (အင်္ဂါနေ့) ပြည်သူ့လွှတ်တော်အစည်းအဝေး ဒသမနေ့တွင် ဆွေးနွေးမည်ဖြစ်ပြီး ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်းတွင် ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အလုံမဲဆန္ဒနယ်မှ

မိုင်းပန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်ဦး အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

ဦးခင်မောင်ရည် (ခ) ခိုင်မောင်ရည်က **“မြန်မာနိုင်ငံတွင် (၁၀၀) ရာခိုင်နှုန်း စာတတ်မြောက်မှု အုတ်မြစ်ခိုင်မာရေး ရှေးရှုအကောင်အထည်ဖော်နိုင်ရန် အခမဲ့ မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်မှုအား အခြေခံပညာအလယ်တန်းအဆင့်အထိ မသင်မနေရ အခမဲ့ ပညာရေးစနစ် (Duty to Educated Children) အဖြစ် ပြဋ္ဌာန်းရန်နှင့် မြန်မာနိုင်ငံအတွင်း နိုင်ငံတကာ တက္ကသိုလ်များနှင့် ချိတ်ဆက်နိုင်သော စာမေးပွဲစနစ်ပါဝင်သည့် သင်ရိုးညွှန်းတမ်းနှင့် ပညာရေးစနစ်ကို အစိုးရနှင့် ပုဂ္ဂလိကပိုင်းကပါ နှစ်ရပ်စလုံးပါဝင် ဆောင်ရွက်နိုင်ရန် သင့်လျော်သည့် မူဝါဒများ ရရှိရေး”** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင်က ထောက်ခံပါကြောင်း တင်ပြသည်။

ထို့နောက် ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် ပြည်သူ့လွှတ်တော်၏ ဆန္ဒကိုရယူရာ လွှတ်တော်ကသဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည်(ခ) ခိုင်မောင်ရည် တင်သွင်းသည့်အဆိုကို ၂၀၁၁ ခုနှစ် မတ်လ (၁၅) ရက် (အင်္ဂါနေ့) ပြည်သူ့လွှတ်တော်အစည်းအဝေး ဒသမနေ့တွင် ဆွေးနွေးမည်ဖြစ်ပြီး ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ယနေ့ညနေပိုင်းတွင် ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံစာစစ်အဖွဲ့ဥက္ကဋ္ဌနှင့် ညွှန်ကြားရေးမှူးချုပ်များ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၄

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်အဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် အမှတ်(၂) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ရွှေတို့သည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ခရိုင် ဥတ္တရသီရိမြို့နယ် တောင်ညို အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနသို့ ရောက်ရှိကြပြီး ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူးများအား တွေ့ဆုံကာ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသူများ စည်းစနစ်ကျနစွာဖြင့် စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးဆောင်ရွက်မှုများ၊ စာမေးပွဲရုံးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် စာစစ်အဖွဲ့ဥက္ကဋ္ဌနှင့် ညွှန်ကြားရေးမှူးချုပ်များသည် စာဖြေခန်းအသီးသီး၌ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒဘာသာရပ်အား စိတ်ချမ်းမြေ့စွာဖြင့် စနစ်တကျဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့မှတစ်ဆင့် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာန၊ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနနှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတို့သို့ ရောက်ရှိကြပြီး စာဖြေခန်းအသီးသီး၌ စည်းကမ်းနှင့်အညီ စနစ်တကျစိတ်ချမ်းမြေ့စွာ ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်အဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒဘာသာရပ်အား စိတ်ချမ်းမြေ့စွာဖြင့် စနစ်တကျဖြေဆိုနေမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)



မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၅-၃-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄	၃။	နိုင်ငံတော်သီချင်း
၇:၀၅	၄။	တရားတော်
၇:၁၅	၅။	ဓမ္မပူဇာတေး
၇:၂၀	၆။	မျိုးချစ်တပ်မတော်
၇:၂၅	၇။	မြန်မာ့ရှုခင်း
၇:၃၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၉။	သာယာသီကြေးခေတ်ဆန်းတေး
၇:၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၂။	အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၃။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၄။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄	၃။	နိုင်ငံတော်သီချင်း
၄:၀၅	၄။	အဖွင့်သီချင်း
၄:၁၀	၅။	အမျိုးသားရေးတေးကဗျာ
၄:၁၅	၆။	မျိုးချစ်တပ်မတော်
၄:၂၀	၇။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄:၃၅	၈။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၄၅	၉။	အင်္ဂလိပ်စာသုတ
၄:၅၅	၁၀။	မြန်မာသံစဉ်ချိုနားဝင်
၅:၀၀	၁၁။	ကြိုတင်တားဆီးရန်သူမီး
၅:၁၀	၁၂။	သာယာသီကြေး ခေတ်ဆန်းတေး
၅:၂၀	၁၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သက်တော်စောင့် အပိုင်း (၂၄)**
၆:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၅။	အမျိုးသားရေးတေးကဗျာ
၆:၁၅	၁၆။	ဘောလုံးဟာသနှင့် ဝဏ္ဏဝင်ဗိုလ်(၃၀၀)
၆:၂၅	၁၇။	အောင်မြင်ခြင်းလမ်းမ
၇:၀၀	၁၈။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရတနာစံအိမ် (အပိုင်း-၁)**
၈:၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	ဦးတည်ချက်(၁၂)ရပ်
	၂၂။	နိုင်ငံတကာသတင်း
	၂၃။	မိုးလေဝသသတင်း
	၂၄။	ဟာသရုပ်စုံ
	၂၅။	မွေးမြူသုတ
	၂၆။	တစ်လအတွင်းအကြိုက်ဆုံး ဗီစီဒီတေးများ
	၂၇။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၈။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရင်ခွင်တည်သောသစ္စာ (အပိုင်း-၁၃)**
	၂၉။	Mini Series
	၃၀။	သင့်အတွက်မနက်ဖြန်
	၃၁။	အပိတ်နှုတ်ဆက်စကား
	၃၂။	ပြီးပါပြီ။

○ ကျောဖုံးမှ
အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အစီအစဉ် ရှိ၊ မရှိ”နှင့် စပ်လျဉ်းသည့်မေးခွန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း၏ **“ချင်းပြည်နယ်အတွင်း ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်ခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ”** နှင့်စပ်လျဉ်းသည့် မေးခွန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ညဏစိုး၏ **“ရန်ကုန်မြို့တွင် မြို့ပတ်ရထားပြေးဆွဲမှု တိုးမြှင့်ဆောင်ရွက်ပေးရေး”** နှင့်စပ်လျဉ်းသည့် မေးခွန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန်၏**“မန္တလေး-ရွှေဘို-မြစ်ကြီးနား မီးရထားလမ်းကြောင်းကို ရာသီမရွေး စိတ်ချလက်ချ ခရီးသွားလာနိုင်စေရေးအတွက် စီစဉ်ထားရှိမှု အခြေအနေ**”နှင့်စပ်လျဉ်းသည့် မေးခွန်းများကို ပြည်ထောင်စု အဖွဲ့အစည်းဝင်များဖြစ်ကြသော အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းတို့က ပြန်လည် ဖြေကြားကြသည်။

အဆုံးအဖြတ်ရယူ

ဆက်လက်၍ အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူထားပြီးဖြစ်သည့် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးပေါ်လျှံလွင်၏ **“ဂန့်ဂေါမြို့နှင့် ရေစကြိုမြို့အကြား ကားလမ်းအား ဆယ့်နှစ်ရာသီ သွားနိုင်အောင် ပြုပြင်ပေးပါရန်နှင့် အရှေ့ဂန့်ဂေါနှင့်အနောက်ဂန့်ဂေါကြားရှိ ကြိုးတံတားအား ကားသွားနိုင်သော တံတားအဖြစ် တည်ဆောက်ပေးပါရန်”** အဆိုနှင့် **“ပလက်ဝမြို့နှင့် မတူပီမြို့ကို ဆက်သွယ်သော မော်တော်ကားလမ်းအား အမြန်တည်ဆောက်ပေးပါရန်”** အဆို၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း၏ **“တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ပြီး ဝန်ထမ်းငယ်များအား ၎င်းတို့၏ လစာငွေမှ လစဉ် အရစ်ကျ ခုနှိမ်စနစ်ဖြင့် ဝယ်ယူရေးစီစဉ်ပေးရန်”** အဆိုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်ကြသည်။

ကျင်းပမည်

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ဒသမနေ့ကို မတ်လ ၁၅ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို မွန်းတည့် ၁၂ နာရီတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်အေးထွန်း၏ “ဘူးသီးတောင်မြို့နယ်ဒေသတွင် ဝါးပင်များ သဘာဝအလျောက် များစွာပေါက်ရောက်လျက်ရှိရာ စက္ကူပျော့ဖတ်စက်ရုံတည်ဆောက်ပြီး ထုတ်လုပ်နိုင်သည့် အလားအလာရှိပါက ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ” နှင့် စပ်လျဉ်းသည့်မေးခွန်းကို အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၁၄

ယနေ့ကျင်းပသော အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်အေးထွန်းက **ဘူးသီးတောင်မြို့နယ် ဒေသတွင် တောင်တန်းများပေါများပြီး ၎င်းတောင်တန်းများတွင် စက္ကူပျော့ဖတ်ပြုလုပ်နိုင်သော ဝါးပင်များ သဘာဝအလျောက် မြောက်မြားစွာ ပေါက်ရောက်လျက်ရှိပါကြောင်း၊ ဝါးပင်များကိုအသုံးပြုပြီး စက္ကူပျော့ဖတ်စက်ရုံ တည်ဆောက်မည်ဆိုပါက ပတ်ဝန်းကျင်နယ်မြေတွင်ရှိသည့် ဒေသခံပြည်သူများ အလုပ်အကိုင်နှင့် အခွင့်အလမ်းများ များစွာရရှိပြီး လူနေမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်အနေဖြင့်လည်း စက်မှုကုန်ထုတ်လုပ်မှုများ တိုးပွားလာမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ “ဘူးသီးတောင်မြို့နယ်ဒေသတွင် ဝါးပင်များ သဘာဝအလျောက် များစွာပေါက်ရောက်လျက်ရှိရာ စက္ကူပျော့ဖတ်စက်ရုံ တည်ဆောက်ပြီး ထုတ်လုပ်နိုင်သည့် အလားအလာရှိပါက ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ” သိရှိလိုပါကြောင်း**ဖြင့် မေးမြန်းသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦး အောင် သောင်း မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။
(သတင်းစဉ်)

အဆိုပါ မေးမြန်းချက်နှင့် စပ်လျဉ်း၍ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ဘူးသီးတောင်၊ ပုဏ္ဏားကျွန်းဒေသတွင် ပေါက်ရောက်နေသော စိုင်ဒင်ဝါးတောသည် တစ်ရက်တန် (၂၀၀)မှ (၅၀၀)အထိ ပျော့ဖတ် ထုတ်လုပ်နိုင်သော စက်ရုံအတွက် လုံလောက်သည့် ကုန်ကြမ်းရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ပျော့ဖတ် (သို့မဟုတ်) စက္ကူစက်ရုံ တစ်ရုံဖြစ်လာရန်အတွက် ဓာတုဗေဒစက်ရုံ (Chemical Plant)၊ ကလိုရင်းဒိုင်အောက်ဆိုဒ်စက်ရုံ၊ လျှပ်စစ်နှင့် ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ (Generator and Boiler Plant)၊ ပျော့ဖတ်စက်ရုံ (Cooking and Digesting Plant)၊ ပျော့ဖတ်ချပ်ပြုလုပ်စက်ရုံ (Pulp Sheet Making Plant)၊ ဓာတ်ဆားပြန်ထုတ်စက်ရုံ (Recovery Plant) များပါဝင်မှသာ လိုအပ်ချက်များ ပြည့်စုံမည် ဖြစ်ပါကြောင်း။

၎င်းစက်ရုံများအတွက် အထူးလိုအပ်ချက်မှာ ဝါးတန်ချိန် တစ်နှစ်လျှင် (၃)သိန်းမှ (၃ဒသမ ၅)သိန်းခန့်၊ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်(၂၀)မှ မဂ္ဂါဝပ်(၅၀)၊ ထုံးကျောက်တန်ချိန် (၃)သောင်းမှ (၃ဒသမ၅)သောင်း၊ ဆားတန်ချိန် (၉)သောင်းမှ (၁)သိန်းခန့်၊ ရေဂါလန် တစ်နေ့လျှင် (၁၀)သန်းမှ (၂၅)သန်း စသည့် သွင်းအားစုများဖြစ်ပါကြောင်း၊ ထိုလိုအပ်ချက်များရရှိမှသာ စက်ရုံလည်ပတ်နိုင်မည်ဖြစ်ပါကြောင်း။

အထက်ပါ အခြေအနေများနှင့် ပြည့်စုံမှသာလျှင် ပျော့ဖတ် (သို့မဟုတ်) စက္ကူစက်ရုံတစ်ရုံ တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ လတ်တလော အခြေအနေတွင် လျှပ်စစ်ဓာတ်အား မရနိုင်ခြင်း၊ ငွေအရင်းအနှီး ခက်ခဲနေခြင်း၊ အတတ်ပညာပိုင်းဆိုင်ရာ အခက်အခဲများရှိခြင်းတို့ကြောင့် အကြိမ်ကြိမ် ကြိုးစားသော်လည်း ဖြစ်ပေါ်လာခြင်း မရှိခဲ့ပါကြောင်း၊ နိုင်ငံခြားကုမ္ပဏီများဖိတ်ခေါ်၍ ၎င်းဒေသတွင် (၅)ကြိမ်တိုင် ကွင်းဆင်းလေ့လာဆောင်ရွက်ခဲ့သော်လည်း လျှပ်စစ်၊ စွမ်းအင်နှင့် အခြား အခက်အခဲများကြောင့် အကောင်အထည် ဖော်နိုင်ခြင်းမရှိဘဲ ဖြစ်ခဲ့ရပါကြောင်း။

သို့သော် **ရခိုင်ပြည်နယ်အတွင်း မကြာမီ စွမ်းအင်စွမ်းအားများ တိုးတက်ဖြစ်ထွန်းလာနိုင်သည့် အခြေအနေများ ရှိခြင်းကြောင့် ပြည်တွင်းအဖွဲ့အစည်းများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက ပျော့ဖတ်(သို့မဟုတ်) စက္ကူစက်ရုံ တည်ဆောက်ရန် အလားအလာကောင်းများ ရှိပါကြောင်း**ဖြင့် ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်အေးထွန်း မေးမြန်းစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်အေးထွန်း၏ “တောင်ကုတ်မြို့နယ်ရှိ နေပူတောင်ဒေသနှင့် ဂူတောင်-ကန်တောင်ဒေသတို့တွင် ထုံးကျောက်တောင်များမှ ဘိလပ်မြေထုတ်လုပ်နိုင်မည့် စီမံကိန်းများကို နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အစီအစဉ် ရှိ၊ မရှိ”နှင့် စပ်လျဉ်းသည့်မေးခွန်းကို အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၁၄

ယနေ့ကျင်းပသော အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်အေးထွန်းက **တောင်ကုတ်မြို့နယ်ရှိ နေပူတောင်ဒေသနှင့် ဂူတောင်-ကန်တောင်ဒေသတို့တွင် ထုံးကျောက်တောင်များရှိပြီး ဘိလပ်မြေ တစ်ရက်လျှင် တန် (၅၀၀)မှ တန် (၂၀၀၀) အထိ ထုတ်လုပ်နိုင်သည့် စက်မှုကုန်ကြမ်းရရှိနိုင်ကြောင်း၊ ၎င်းဒေသတွင် နိုင်ငံတော်မှ ဘိလပ်မြေစက်ရုံ တည်ဆောက်နိုင်မည်ဆိုပါက ဒေသရှိပြည်သူများအနေဖြင့် အလုပ် အကိုင်အခွင့်အလမ်းများ များစွာရရှိနိုင်ပြီး နိုင်ငံတော်အတွက်လည်း ကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အခြားဒေသများတွင် အလုပ်အကိုင်ရှာဖွေလုပ်ကိုင်နေရသည်ကို ဟန့်တားရာ ရောက်သည့်အတွက် များစွာအကျိုးရှိပါကြောင်း၊ သို့ဖြစ်၍ “တောင်ကုတ်မြို့နယ်ရှိ နေပူတောင်ဒေသနှင့် ဂူတောင်-ကန်တောင်ဒေသတို့တွင် ထုံးကျောက်တောင်များမှ ဘိလပ်မြေထုတ်လုပ်နိုင်မည့် စီမံကိန်းများကို နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အစီအစဉ် ရှိ၊ မရှိ” သိရှိလိုပါကြောင်း**ဖြင့် မေးမြန်းသည်။

အဆိုပါ မေးမြန်းချက်နှင့်စပ်လျဉ်း၍ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက တောင်ကုတ်မြို့နယ် မအီမြို့တောင်ဘက် မိုင် (၂၀) ခန့်အကွာ ကမာရွာ၏ အရှေ့မြောက်ဘက် (၈)မိုင်အကွာတွင် တည်ရှိသော ဂူတောင်-ကန်တောင် ထုံးကျောက်သိုက်ပမာဏသည် တန်ချိန် (၁၈)သန်းခန့် ရှိသည်ကို တွက်ချက်သိရှိရပါကြောင်း၊ ၎င်းတွက်ချက်မှုအရ နှစ်အနည်းငယ်သာ အသုံးပြု၍ရနိုင်ကြောင်း၊ သို့ရာတွင် ၎င်းထုံးကျောက်သည် အရည်အသွေး အသင့်အတင့်သာကောင်းမွန်ပြီး မဂ္ဂနီစီယမ်အောက်ဆိုက်ပါဝင်မှု သတ်မှတ်ချက်ထက် အနည်းငယ်ပိုနေပါကြောင်း၊ အထူးသဖြင့် ဆီလီကွန်ဒိုင်အောက်ဆိုက်ခေါ် သဲပါဝင်မှုသည် (၁၂)ရာခိုင်နှုန်း ဖြစ်နေ၍ သတ်မှတ်ချက်ထက် လွန်စွာ များပြားနေပါကြောင်း၊ သို့ဖြစ်၍ ၎င်းထုံးကျောက်များသည် ဘိလပ်မြေထုတ်လုပ်ရန် စံသတ်မှတ်ချက်နှင့် မကိုက်ညီသည်ကို တွေ့ရှိရပါကြောင်း၊ ထုံးကျောက်သိုက်ပမာဏသည်လည်း သေးငယ်နေသည့်အတွက် ဘိလပ်မြေစက်ရုံ တည်ဆောက်ရန် လုံလောက်မှု မရှိပါကြောင်း၊ ထုံးကျောက် အရည်အသွေးသည် အလှဆင်ကျောက်အဖြစ် အသုံးပြုသည့် ထုံးကျောက်များ အဆင့်သာ ဖြစ်ပါကြောင်း၊ နေပူတောင်မှ အလှဆင်ကျောက်နှင့် ဆင်တူနေသည်ကို စမ်းသပ်တွေ့ရှိရပါကြောင်း။

နေပူတောင်ဒေသကျောက်များသည် ဘိလပ်မြေထုတ်လုပ်၍ မရနိုင်ဘဲ အလှဆင်ကျောက်အဖြစ်သာ အသုံးပြုရန် သင့်လျော်ပါကြောင်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနသည် နေပူတောင်ဒေသ ကျောက်များအား အလှဆင်ကျောက်များအဖြစ် ထုတ်လုပ်ခဲ့ပြီး စီးပွားရေးတွက်ခြေမကိုက်သဖြင့် ၂၀၀၆ ခုနှစ်တွင် ရပ်ဆိုင်းခဲ့ပါကြောင်း၊ ၎င်းကျောက်များသည်လည်း ဆီလီကွန်ဒိုင်အောက်ဆိုက်ခေါ် သဲပါဝင်မှုနှုန်းမြင့်မားနေသဖြင့် ဘိလပ်မြေထုတ်လုပ်ရန် မသင့်သည်ကိုစမ်းသပ်တွေ့ရှိရပါကြောင်း။

နေပူတောင်ဒေသနှင့် ဂူတောင်-ကန်တောင်ဒေသတို့တွင် ဘိလပ်မြေစက်ရုံတည်ဆောက်ပေးပြီး သဘာဝအရင်းအမြစ်အသုံးချရေး၊ နည်းပညာဖွံ့ဖြိုးရေး၊ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးတို့အတွက် ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက အဆိုပြုခဲ့သဖြင့် ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ဤဝန်ကြီးဌာနမှ ကွင်းဆင်းတိုင်းတာခဲ့ပါကြောင်း၊ ကွင်းဆင်းစစ်ဆေးချက်များအရ နေပူတောင်ဒေသနှင့် ဂူတောင်-ကန်တောင်ဒေသတို့တွင် ဘိလပ်မြေစက်ရုံ တည်ဆောက်ရေး ဖြစ်နိုင်ခြေအလွန်နည်းပါးပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)

၂၀၁၁ ခုနှစ် သကြံန်အကြို KENBO ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ် ကျင်းပမည်

ရန်ကုန် မတ် ၁၄

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ KENBO က အဓိက ကူညီပံ့ပိုးသော ၂၀၁၁ ခုနှစ် သကြံန်အကြို KENBO ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ တတိယပွဲစဉ်ကို မတ် ၂၀ ရက်တွင် ပဲခူးမြို့ ဟံသာဝတီဂေါက်ကလပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ပြိုင်ပွဲတစ်ပွဲချင်းစီတွင် (အကျော့မဲ့)ပုံစံဖြင့် အကောင်းဆုံး အပျော်တမ်းကစားသမား ၁၀ ဦးအား ရွေးချယ်ပြီး ၂၀၁၁ ခုနှစ် ဧပြီ ၇ ရက်နှင့် ၈ ရက်တို့တွင် ရွှေမန်းတောင်ဂေါက်ကလပ်၌ ကျင်းပမည့် ဗိုလ်လုပွဲတွင် ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ ကျန်အပျော်တမ်းပြိုင်ပွဲဝင်များနှင့် အမျိုးသမီးပြိုင်ပွဲဝင်များအား (System 36)ဖြင့် တွက်ချက်ပြီး ဆုများချီးမြှင့်ပေးမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး ဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် (Hole -In- One) ဆုရရှိသူအား KENBO မော်တော်ဆိုင်ကယ်ဆုချီးမြှင့်မည် ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် မတ် ၁၈ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ဖုန်း-၀၉-၅၁၇၇၉၅၆၊ ၀၉-၂၀၃၇၆၇၁တို့နှင့် ပဲခူးမြို့ ဟံသာဝတီဂေါက်ကလပ် ဖုန်း-၀၅၂-၂၂၂၅၄တို့၌ အမည်စာရင်းပေးသွင်းနိုင်သည်။

အဆိုပါ ၂၀၁၁ ခုနှစ် သကြံန်အကြို KENBO ဖလားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အပျော်တမ်း ဂေါက်သီးရိုက်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခွင့်မပြုကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသား

“ချင်းပြည်နယ်အတွင်း ကမ္ဘာလှည့်ခရီးသည်များ

စပ်လျဉ်းသည့် မေးခွန်းကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်

နေပြည်တော်

ယနေ့ကျင်းပသော အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ချင်းပြည်နယ် မဲ
မြန်မာနိုင်ငံတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်(၁၄)ခုရှိပြီး ယင်းတို့အနက် ချင်းပြည်နယ်
သွားလာခွင့်ရှိပါကြောင်း၊ ချင်းပြည်နယ်တွင်လည်း ကန်ပက်လက်မြို့တွင် ကမ္ဘာလှည့်ခ
ကန်ပက်လက်မြို့ တစ်ခုတည်းမဟုတ်ဘဲ ချင်းပြည်နယ်ရှိ ဟားခါးမြို့နှင့် အခြားဒေ
ချင်းပြည်နယ်သည် ဖွံ့ဖြိုးမှုအနည်းဆုံး၊ ဝင်ငွေအနည်းဆုံးပြည်နယ်ဖြစ်သည့်အတွက် က
သို့ဖြစ်၍ “ချင်းပြည်နယ်အတွင်း ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်ခွင့်ပြုရန် အစီအစ

အဆိုပါမေးမြန်းချက်နှင့် စပ်လျဉ်း၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်က ချင်းပြည်နယ်ကို မြန်မာနိုင်ငံတွင်ရှိသည့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များနည်းတူ ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်လည်ပတ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံကို လာရောက်ကြသည့် ကမ္ဘာလှည့်ခရီးသည်များသည် ၎င်းတို့နေထိုင်ရာနိုင်ငံတွင်ရှိသည့် မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများ၌ ကမ္ဘာလှည့်ခရီးသည် ဗီဇာရယူပြီး လာရောက်လည်ပတ်ကြခြင်းဖြစ်ပါကြောင်း၊ ယခုအခါ ကမ္ဘာလှည့်ခရီးသည် ဗီဇာဖြင့် ၂၈ ရက် လည်ပတ်ခွင့် ပြုထားပါကြောင်း။

ကမ္ဘာလှည့်ခရီးသည်များအနေဖြင့် မြန်မာနိုင်ငံကိုလာရောက်ကြသည့်အခါ ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ အင်းလေးနှင့် ကမ်းခြေဒေသများကိုမူ လွတ်လပ်စွာ သွားရောက်လည်ပတ်နိုင်ပါကြောင်း၊ အချို့နယ်မြေဒေသများတွင်မူ နယ်မြေအလှမ်းကွာခြင်း၊ အချိန်ကြာမြင့်ခြင်း၊ ခရီးသည်များ သွားလာနေထိုင်စားသောက်ရေး အခက်အခဲရှိခြင်းနှင့် လုံခြုံရေးကန့်သတ်မှုရှိခြင်း စသည့် လိုအပ်ချက်များရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ကို သက်ဆိုင်ရာကော်မတီ အသီးသီးက စိစစ်ပြီးမှ အထက်ဌာန၏ ခွင့်ပြုချက် ကြိုတင်ရယူပြီး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယင်းကဲ့သို့ ခွင့်ပြုသည့်ခရီးစဉ်များကို ခရီးစဉ်အား တာဝန်ယူစီစဉ်သော ခရီးသွားလုပ်ငန်းကုမ္ပဏီမှ ဧည့်လမ်းညွှန်များလိုက်ပါပြီး ပို့ဆောင်ပေးလျက်ရှိပါကြောင်း၊ ချင်းပြည်နယ်ကို ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်ခွင့်ပြုရာမှာလည်း အထက်ပါရှင်းလင်းခဲ့သည့်အတိုင်း သက်ဆိုင်ရာကော်မတီများကစိစစ်ပြီး ကြိုတင်ခွင့်ပြုချက်ရယူပြီးမှ သွားလာခွင့်ပြုခြင်း ဖြစ်ပါကြောင်း။

၁၉၉၆ ခုနှစ် ဧပြီ ၁၀ ရက်တွင် သက်ဆိုင်ရာဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် အမိန့်စာအရ ချင်းပြည်နယ်ကို ကမ္ဘာလှည့်ခရီးသည်များ သွားလာခွင့် ကန့်သတ်ခဲ့ပါကြောင်း၊ ၁၉၉၇ ခုနှစ်တွင် နတ်မတောင် အမျိုးသားဥယျာဉ်ကို ဖွင့်လှစ်ပြီးသည့်နောက်ပိုင်း၂၀၀၂ ခုနှစ်မှ စ၍ ယင်းဒေသကို ကမ္ဘာလှည့်ခရီးသည်များ သွားရောက်ခွင့် ပြုခဲ့ပါကြောင်း၊ ၂၀၀၇ ခုနှစ်တွင် ချင်းပြည်နယ်အတွင်း

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား

“မန္တလေး - ရွှေဘို - မြစ်ကြီးနား မီးရထားလမ်းကြောင်းကို

စီစဉ်ထားရှိမှုအခြေအနေ”နှင့် စပ်လျဉ်းသည့်မေးခွန်းကို ရထားပို့ဆေ

နေပြည်တော်

ယနေ့ကျင်းပသော အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ကချင်ပြည်နယ်
မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်းတစ်လျှောက်တွင် နေ့ချင်းပေါက် အမြန်ရထားများ
ကသာ-ဗန်းမော်ရထားလမ်းနှင့် မြစ်ကြီးနား-ဗန်းမော်-မိုးမိတ်-နမ့်ဆန် ရထားလမ်းများ
များစွာ နှစ်ထောင်းအားရဖြစ်မိပါကြောင်း၊ သို့သော် မန္တလေး-ရွှေဘို-မြစ်ကြီးနားရထား
တစ်လျှောက်တွင် မိုးရာသီကာလများ၌ ရထားတွဲချော်ခြင်း၊ တိမ်းမှောက်ခြင်းတို့ ဖြစ်
လမ်းကြောင်းကို ရာသီမရွေး စိတ်ချလက်ချ ခရီးသွားလာနိုင်စေရေးအတွက် စီစဉ်ထ

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက နေ့စဉ်ရထားခရီးစဉ်(၄၀၀)ခန့် ပြေးဆွဲလျက်ရှိပြီး ခရီးသည်ဦးရေ (၂)သိန်းခန့် သယ်ယူပို့ဆောင်ပေးလျက်ရှိရာ ခရီးသည်/ကုန်အများဆုံး ပို့ဆောင်ပေးရသည့် အခြေအနေအပေါ် မူတည်၍ ရထားလမ်းများကို ဦးစားပေးအစီအစဉ်များ သတ်မှတ်ထားရှိပါကြောင်း၊ ရန်ကုန်-မန္တလေး ရထားလမ်းသည် ဦးစားပေး(၁)ဖြစ်ပါကြောင်း၊ မန္တလေး-မြစ်ကြီးနားရထားလမ်းသည် ဦးစားပေး (၂) ဖြစ်ပါကြောင်း၊ ရန်ကုန်-မော်လမြိုင်-ရေး ရထားလမ်းသည် ဦးစားပေး(၃) ဖြစ်ပါကြောင်း၊ ရန်ကုန်-ပြည် ရထားလမ်းသည် ဦးစားပေး(၄) ဖြစ်ပါကြောင်း။

မန္တလေး-မြစ်ကြီးနားလမ်းပိုင်းသည် ဦးစားပေး(၂)ဖြစ်ပြီး ပြည်သူများအနေဖြင့် ရထားခရီးစဉ်ကို အဓိကအားထားသုံးစွဲနေရသည်ဖြစ်၍ အခြား လမ်းကြောင်းများထက် ပိုမိုအလေးထား ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၀- ၂၀၁၁ ခုနှစ်တွင် ထူးကဲစွာ မိုးရွာသွန်းမှုကြောင့် နင်ချောင်း ရေတိုက်စားမှုဖြစ်ပေါ်ပြီး နန်းခမ်းနှင့်ဘုံချောင်းအကြား ချောင်းကမ်းပါးများ ပြိုကျရာ၌ ရထားလမ်းများပျက်စီးသွားခဲ့ရာ ပထမအကြိမ်တွင် (၂၆-၉-၂၀၁၀) ရက်မှ (၂၉-၉-၂၀၁၀)ရက်အထိ ဖြစ်ပွားခဲ့ပါကြောင်း၊ ဒုတိယအကြိမ်တွင် (၆-၁၀-၂၀၁၀) ရက်မှ (၈-၁၀-၂၀၁၀)ရက်အထိ ဖြစ်ပွားခဲ့ပါကြောင်း၊ စုစုပေါင်း (၂)ကြိမ်ဖြစ်ပွားခဲ့ပြီး (၇)ရက်ခန့် ရထားခရီးစဉ်များ ဖျက်သိမ်းခဲ့ရပါကြောင်း။

၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်နေ့တွင် နိုင်ငံတော်အကြီးအကဲက မန္တလေး-မြစ်ကြီးနားရထားကို ယခင် (၂၄)နာရီပြေးဆွဲရာမှ ယခု(၁၆)နာရီဖြင့် အရောက်ပြေးဆွဲပေးရန်လမ်းညွှန်ချက်အရ ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း။

မန္တလေး-မြစ်ကြီးနား ရထားလမ်း (၃၅၇)မိုင်တွင် ပေါင်(၆၀)သံလမ်းများအား (၇၅)ပေါင်သံလမ်းများဖြင့် အစားထိုး လဲလှယ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ မန္တလေး - မြစ်ကြီးနားရထားလမ်းတွင် ခင်းကျင်းထားသော သစ်သားဇလီဖား

... မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း၏ ...နယ်အတွင်း ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်ခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ”နှင့် ...န်းကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင် ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၁၄

...မျိုးသားလွှတ်တော် အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်းက ...နှင့် ပြည်နယ်(၁၄)ခုရှိပြီး ယင်းတို့အနက် ချင်းပြည်နယ်မှလွဲ၍ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကမ္ဘာလှည့်ခရီးသည်များ ...ပြည်နယ်တွင်လည်း ကန်ပက်လက်မြို့တွင် ကမ္ဘာလှည့်ခရီးသည် လာရောက်ခွင့်ပေးထားသည်ကိုလည်း သိရှိရပါကြောင်း၊ သို့သော်လည်း ...မဟုတ်ဘဲ ချင်းပြည်နယ်ရှိ ဟားခါးမြို့နှင့် အခြားဒေသများကိုလည်း ကမ္ဘာလှည့်ခရီးသည်များ လာရောက်ခွင့်ပြုစေလိုပါကြောင်း၊ ...ည်းဆုံး၊ ဝင်ငွေအနည်းဆုံးပြည်နယ်ဖြစ်သည့်အတွက် ကမ္ဘာလှည့်ခရီးသည်များ လာရောက်ခြင်းအားဖြင့် ဝင်ငွေတိုးတက်လာနိုင်ကြောင်း၊ ...း ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်ခွင့်ပြုရန် အစီအစဉ် ရှိ မရှိ” သိရှိလိုပါကြောင်း**ဖြစ်ပါကြောင်း**ဖြင့် မေးမြန်းသည်။

...နှင့် ပြည်နယ်အချို့ကို သက်ဆိုင်ရာ ကော်မတီ အသီးသီးက စိစစ်ပြီးမှ အထက်ဌာန၏ ခွင့်ပြုချက် ကြိုတင်ရယူပြီး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယင်းကဲ့သို့ ခွင့်ပြုသည့်ခရီးစဉ်များကို ခရီးစဉ်အား တာဝန်ယူစီစဉ်သော ခရီးသွားလုပ်ငန်းကုမ္ပဏီမှ ဧည့်လမ်းညွှန်များလိုက်ပါပြီး ပို့ဆောင်ပေးလျက်ရှိပါကြောင်း၊ ချင်းပြည်နယ်ကို ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်ခွင့်ပြုရာမှာလည်း အထက်ပါရှင်းလင်းခဲ့သည့်အတိုင်း သက်ဆိုင်ရာကော်မတီများကစိစစ်ပြီး ကြိုတင်ခွင့်ပြုချက်ရယူပြီးမှ သွားလာခွင့်ပြုခြင်း ဖြစ်ပါကြောင်း။

၁၉၉၆ ခုနှစ် ဧပြီ ၁၀ ရက်တွင် သက်ဆိုင်ရာဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် အမိန့်စာအရ ချင်းပြည်နယ်ကို ကမ္ဘာလှည့်ခရီးသည်များ သွားလာခွင့် ကန့်သတ်ခဲ့ပါကြောင်း၊ ၁၉၉၇ ခုနှစ်တွင် နတ်မတောင် အမျိုးသားဥယျာဉ်ကို ဖွင့်လှစ်ပြီးသည့်နောက်ပိုင်း ၂၀၀၂ ခုနှစ်မှစ၍ ယင်းဒေသကို ကမ္ဘာလှည့်ခရီးသည်များ သွားရောက်ခွင့် ပြုခဲ့ပါကြောင်း၊ ၂၀၀၇ ခုနှစ်တွင် ချင်းပြည်နယ်အတွင်း ကန်ပက်လက်၊ နတ်မတောင်နှင့် မင်းတပ်တို့အပြင် ထပ်မံ၍ အေးရှာစခန်း၊ ရမ်ဆီစခန်း၊ (၈)မိုင်စခန်း၊ ကနေဒီတောင်၊ မြို့ကြီးများဖြစ်သည့် ဖလမ်းနှင့် ဟားခါးတို့ကိုပါ တိုး၍ သက်ဆိုင်ရာ ဝန်ကြီးဌာနက ကြိုတင်ခွင့်ပြုချက်ရယူပြီး ကမ္ဘာလှည့်ခရီးသည် သွားလာခွင့်ပြုပေးခဲ့ပါကြောင်း၊ ယခုလည်း ကမ္ဘာလှည့်ခရီးသည်များ သွားလာလျက်ရှိပါကြောင်း။

ထို့ကြောင့် ချင်းပြည်နယ်အတွင်း ၂၀၀၈ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် (၈၀)၊ ၂၀၀၉ ခုနှစ်တွင် (၁၅၁)ဦးနှင့် ၂၀၁၀ ပြည့်နှစ်တွင် (၂၈၀) ဝင်ရောက်ခဲ့ပါကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှု ပိုမိုများပြားလာပါကြောင်း၊ ၂၀၁၁ ခုနှစ် ဇန်နဝါရီလ တစ်လအတွင်း ချင်းပြည်နယ်ကို ကမ္ဘာလှည့်ခရီးသည် (၁၁၂)ဦး ဝင်ရောက်ခဲ့သည့်အတွက် ယခုနှစ်တွင် ပိုမိုဝင်ရောက်မည်ဟု ခန့်မှန်းနိုင်ပါကြောင်း။

သို့ဖြစ်၍ **အနှစ်ချုပ်ဖြေကြားရလျှင် ချင်းပြည်နယ်အတွင်း ကမ္ဘာလှည့်ခရီးသည်များဝင်ရောက်မှုကို ခွင့်ပြုထားပြီးဖြစ်ပါကြောင်းနှင့် ပြည်နယ်အတွင်း ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လျက်ရှိပါကြောင်း၊ ခရီးသွားလုပ်ငန်းတိုးတက်ရန်အတွက် လိုအပ်သည်များကိုလည်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း**ဖြင့် ရှင်းလင်းဖြေကြားသည်။ (သတင်းစဉ်)

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း မေးမြန်းစဉ်။ (သတင်းစဉ်)

...ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်၏ ...ကို - မြစ်ကြီးနား မီးရထားလမ်းကြောင်းကို ရာသီမရွေး စိတ်ချလက်ချ ခရီးသွားလာနိုင်စေရေးအတွက် ...”နှင့် စပ်လျဉ်းသည့်မေးခွန်းကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၁၄

...မျိုးသားလွှတ်တော် အစည်းအဝေးတွင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်က ...**မ်းတစ်လျှောက်တွင် နေ့ချင်းပေါက် အမြန်ရထားများ ပြေးဆွဲပေးနေသည့်အတွက် အလွန်အဆင်ပြေလျက်ရှိပါကြောင်း၊ ထို့အပြင် ...မြစ်ကြီးနား-ဗန်းမော်-မိုးမိတ်-နမ့်ဆန် ရထားလမ်းများကိုလည်း တည်ဆောက်နေပြီဖြစ်၍ နိုင်ငံတော်ကို အလွန်ကျေးဇူးတင်မိသကဲ့သို့ ...ပါကြောင်း၊ သို့သော် မန္တလေး-ရွှေဘို-မြစ်ကြီးနားရထားလမ်းရှိ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မဲဇာ-ဘုံချောင်း ရထားလမ်း ...လများ၌ ရထားတွဲချော်ခြင်း၊ တိမ်းမှောက်ခြင်းတို့ ဖြစ်လေ့ဖြစ်ထရှိနေပါကြောင်း၊ သို့ဖြစ်၍ “မန္တလေး-ရွှေဘို-မြစ်ကြီးနား မီးရထား ...တ်ချလက်ချ ခရီးသွားလာနိုင်စေရေးအတွက် စီစဉ်ထားရှိမှုအခြေအနေ”ကို သိရှိလိုပါကြောင်း**ဖြင့် မေးမြန်းသည်။

...ခုနှစ်တွင် ထူးကဲစွာ မိုးရွာသွန်းမှုကြောင့် နငဲချောင်း ရေတိုက်စားမှုဖြစ်ပေါ်ပြီး နန်းခမ်းနှင့်ဘုံချောင်းအကြား ချောင်းကမ်းပါးများ ပြတ်ကျရာ၌ ရထားလမ်းများပျက်စီးသွားခဲ့ရာ ပထမအကြိမ်တွင် (၂၆-၉-၂၀၁၀) ရက်မှ (၂၉-၉-၂၀၁၀)ရက်အထိ ဖြစ်ပွားခဲ့ပါကြောင်း၊ ဒုတိယအကြိမ်တွင် (၆-၁၀-၂၀၁၀) ရက်မှ (၈-၁၀-၂၀၁၀)ရက်အထိ ဖြစ်ပွားခဲ့ပါကြောင်း၊ စုစုပေါင်း (၂)ကြိမ် ဖြစ်ပွားခဲ့ပြီး (၇)ရက်ခန့် ရထားခရီးစဉ်များ ဖျက်သိမ်းခဲ့ရပါကြောင်း။

၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်နေ့တွင် နိုင်ငံတော်အကြီးအကဲက မန္တလေး-မြစ်ကြီးနားရထားကို ယခင် (၂၄)နာရီပြေးဆွဲရာမှ ယခု(၁၆)နာရီဖြင့် အရောက်ပြေးဆွဲပေးရန်လမ်းညွှန်ချက်အရ ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း။

မန္တလေး-မြစ်ကြီးနား ရထားလမ်း (၃၅၇)မိုင်တွင် ပေါင်(၆၀)သံလမ်းများအား (၇၅)ပေါင်သံလမ်းများဖြင့် အစားထိုး လဲလှယ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ မန္တလေး - မြစ်ကြီးနားရထားလမ်းတွင် ခင်းကျင်းထားသော သစ်သားဇလီဖား စုစုပေါင်း (၈၇၃၉၃၆) တုံးအနက် (၃၃) ရာခိုင်နှုန်းဖြစ်သည့် (၂၉၁၃၁၂)တုံးကို ကွန်ကရစ်ဇလီဖားများဖြင့် အစားထိုး လဲလှယ်ပေးခဲ့ပြီး ထပ်မံ၍လည်း လဲလှယ်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် တံတားများ ကြံ့ခိုင်ကောင်းမွန်အောင်လည်း ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ကျောက်ကျင်း(၁၅၇၇၉)ကျင်းကိုလည်း ဖြည့်တင်းပေးခဲ့ပါကြောင်း၊ ယခုအခါ (၁၆)နာရီဖြင့် ပြေးဆွဲပေးနေပြီဖြစ်ပါကြောင်း။

နန်းခမ်းနှင့်ဘုံချောင်းအကြား နငဲချောင်းကမ်းပါး ထပ်မံပြိုကျမှုမရှိစေရေးအတွက်လည်း နငဲချောင်း၏ ရေလမ်းကြောင်း လွှဲပြောင်းပေးခဲ့ပါကြောင်း၊ ချောင်းကမ်းပါးတစ်လျှောက် အလျား(၄၅)ပေ၊ ဒု(၁၀)ပေ၊ အမြင့်(၁၃)ပေဖြင့် တစ်နေရာ၊ အလျားပေ(၁၀၀)၊ ဒု(၇)ပေ(၆)လက်မ၊ အမြင့်(၇)ပေဖြင့် တစ်နေရာနှင့် အလျားပေ(၁၀၀)၊ ဒု(၁၃)ပေ၊အမြင့်(၁၅)ပေဖြင့် တစ်နေရာ စုစုပေါင်း (၃)နေရာတွင် အလျား (၂၄၅)ပေကို ကျောက်စီနံရံများ တည်ဆောက်ပြီးဖြစ်ပါကြောင်း၊ ရထားလမ်းဝဲ၊ယာတောင်ကမ်းပါးများ ချဲ့ထွင်ခြင်းကို အကြီးစားပြုပြင်ထိန်းသိမ်း ဆောင်ရွက်လျက်ရှိပါကြောင်း။

မန္တလေး-မြစ်ကြီးနားရထားလမ်းကို ရာသီမရွေး စိတ်ချလက်ချ သွားလာနိုင်ရေးအတွက် မိုးမကျမီ အချိန်ရသမျှ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ (သတင်းစဉ်)

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် မေးမြန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး၏ “ရန်ကုန်မြို့တွင် မြို့ပတ်ရထားလမ်းသစ်များ ထပ်မံဖောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ”၊ “ မြို့ပတ်ရထားလမ်းကြောင်းသစ်များ တိုးချဲ့ပြေးဆွဲနိုင်ခြင်း ရှိ၊ မရှိ”၊ “ ရထားစက်ခေါင်းနှင့် လူစီးတွဲများကို လုံလောက်စွာဖြည့်ဆည်းပေးနိုင်ခြင်း ရှိ၊ မရှိ” “စီးပွားရေးမြို့၏ ဂုဏ်အင်္ဂါနှင့်အညီ ရထားတွဲများ၏ သန့်ရှင်းရေး၊ ကြံ့ခိုင်ရေးအဆင့်အတန်းကို မြှင့်တင်ပေးနိုင်ခြင်း ရှိ၊ မရှိ”၊ “ရထားများ၏ ထွက်ခွာချိန်၊ ဆိုက်ရောက်ချိန်များကို နိုင်ငံတကာအဆင့်မီ အချိန်တိကျစွာ ပြေးဆွဲပေးနိုင်ခြင်း ရှိ၊ မရှိ”နှင့် စပ်လျဉ်းသည့်မေးခွန်းများကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၁၄

ယနေ့ကျင်းပသော အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးက **စစ်တမ်းများအရ ရန်ကုန်မြို့တွင် လူဦးရေ (၇)သန်းကျော်ရှိနေပြီး နေ့စဉ် မြို့တွင်းခရီးသွားလာသူ (၃)သန်းကျော် ရှိပါကြောင်း၊ ယာဉ်လိုင်းပေါင်း(၂၀၀)ကျော်ရှိပြီး ယာဉ်စီးရေ (၈၀၀၀)ကျော်ရှိပါကြောင်း၊ ကိုယ်ပိုင်ယာဉ်အသုံးပြုသူ (၂၄၀၀၀၀) ကျော်ရှိပြီး မြို့ပတ်ရထားအသုံးပြုသူ (၁၃၀၀၀၀)ကျော်ရှိပါကြောင်း၊ ရန်ကုန်မြို့ပတ်ရထားစနစ်တွင် တွဲဆိုင်း (၂၁)ဆိုင်း၊ နေ့စဉ်ခရီးစဉ် (၂၀၀)၊ ဒီဇယ်စက်ခေါင်း (၁၈)ခေါင်း၊ RBE(၃)ခေါင်းတို့ဖြင့် ပြေးဆွဲနေသည်ကို လေ့လာသိရှိရပါကြောင်း၊ အခြေခံအကျဆုံး လူတန်းစားများစီးနင်းနိုင်သည့် အလွန်သက်သာသော နှုန်းထားဖြင့် ပြေးဆွဲပေးနေသည်ကိုလည်း သိရှိရပါကြောင်း၊ သို့ရာတွင် သန့်ရှင်းရေးဆိုင်ရာ၊ ကြံ့ခိုင်ရေးဆိုင်ရာ အားနည်းချက်များနှင့်အတူ အချိန်မှန်ပြေးဆွဲနိုင်ခြင်း မရှိသည်ကို တွေ့မြင်နိုင်ပါကြောင်း။**

သို့ဖြစ်၍ နိုင်ငံတကာတွင် မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်၏ အဓိကပြဿနာဖြစ်သော ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းပေးနိုင်ပြီး အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးစနစ်အဖြစ် အသုံးပြုနေသော မြို့ပတ်ရထားစနစ်ကို အဆင့်မြှင့်တင်ရန် လိုအပ်လာပါကြောင်း၊ သို့ဖြစ်၍ စီးပွားရေးမြို့တော် ရန်ကုန်မြို့တွင် ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ခရီးသွားပြည်သူများ မိမိတို့လိုရာခရီးသို့ အချိန်မီ သက်သောင့်သက်သာ ရောက်ရှိနိုင်ရေးအတွက် **“ရန်ကုန်မြို့တွင် မြို့ပတ်ရထားလမ်းသစ်များ ထပ်မံဖောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ”၊ “မြို့ပတ်ရထားလမ်းကြောင်းသစ်များ တိုးချဲ့ပြေးဆွဲနိုင်ခြင်း ရှိ၊ မရှိ”၊ “ရထားစက်ခေါင်းနှင့် လူစီးတွဲများကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ခြင်း ရှိ၊ မရှိ”၊ “စီးပွားရေးမြို့၏ ဂုဏ်အင်္ဂါနှင့်အညီ ရထားတွဲများ၏ သန့်ရှင်းရေး၊ ကြံ့ခိုင်ရေး အဆင့်အတန်းကို မြှင့်တင်ပေးနိုင်ခြင်း ရှိ၊ မရှိ”၊ “ရထားများ၏ ထွက်ခွာချိန်၊ ဆိုက်ရောက်ချိန်များကို နိုင်ငံတကာအဆင့်မီ အချိန်တိကျစွာ ပြေးဆွဲပေးနိုင်ခြင်း ရှိ၊ မရှိ”** သိရှိလိုပါကြောင်းဖြင့် မေးမြန်းသည်။

အဆိုပါမေးမြန်းချက်နှင့် စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက မြို့ပတ်ရထားများနှင့် မြို့ပတ်လမ်းနှင့် ဆက်စပ်လျက် လှော်ကား၊သန်လျင်၊ အုတ်ဖိုစု၊ သီလဝါ စသည်တို့သို့ ပြေးဆွဲသော ဆင်ခြေဖုံးရထားများဟူ၍ နှစ်မျိုးနှစ်စားရှိရာ တစ်ပေါင်းတည်း ရှင်းလင်းဖြေကြားသွားမည်ဖြစ်ပါကြောင်း။

၁၉၈၈ ခုနှစ် မတိုင်မီက မြို့ပတ်နှင့် ဆင်ခြေဖုံးရထားများအတွက် ရထားတွဲဆိုင်း(၉)ဆိုင်းဖြင့် နေ့စဉ် ခေါက်ရေ (၁၀၀)ခန့် ပြေးဆွဲခဲ့ရာမှ ယခုအခါ ရထားတွဲဆိုင်း(၂၁)ဆိုင်းဖြင့် နေ့စဉ် ခေါက်ရေ (၂၀၀)ခန့် တိုးတက်ပြေးဆွဲပေးလျက်ရှိပြီး ရထားခရီးသည်အဖြစ် နေ့စဉ်ပျမ်းမျှ တစ်သိန်းကျော်ခန့် ပို့ဆောင်ပေးလျက်ရှိပါကြောင်း။

ရန်ကုန်မြို့၏ နယ်နိမိတ် ကျယ်ဝန်းလာသည်နှင့်အမျှ အပြင်စည်းမြို့ပတ်ရထားလမ်းသစ်ကို ဖောက်လုပ်နိုင်ရန်အတွက် တိုးကြောင်ကလေး၊ ဒဂုံတက္ကသိုလ်၊ ပုလဲမြို့သစ်တို့မှတစ်ဆင့် လှော်ကားသို့ အပြင်စည်း မြို့ပတ်ရထားလမ်းသစ်တိုးချဲ့ဖောက်လုပ်ရန် တိုင်းတာမှုလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ မြတ်ဉာဏစိုး မေးမြန်းစဉ်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

မြို့ပတ်ရထားလမ်းသစ် တိုးချဲ့ပြေးဆွဲရန် ဆောင်ရွက်ရာတွင် မြို့တွင်း ယာဉ်ကြောလမ်းကြောင်း ပိတ်ဆို့မှု မဖြစ်စေရေးကိုစွကို ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါကြောင်း၊ ရန်ကုန်မြို့ပတ်ရထားလမ်းသည် ခရီးမိုင် (၃၀)ရှိပြီး မြို့တွင်းကားလမ်းများကို ဖြတ်ကျော်ရာတွင် ရထားလမ်းကူးနေရာ စုစုပေါင်း (၆၅)နေရာရှိပါကြောင်း၊ မြို့ပတ်ရထားတစ်စင်းဖြတ်ရန် လမ်းပိတ်ထားလျှင် တစ်ကြိမ်တွင်ကားအစင်း(၃၀၀)ခန့် ရပ်တန့်စောင့်ဆိုင်းပေးရပါကြောင်း၊ ထိုကိစ္စကိုဖြေရှင်းရန်အတွက် ကားလမ်းခုံးကျော် (၂၄)ခု တည်ဆောက်ခဲ့ပြီး ကားလမ်းခုံးကျော် (၄၁)နေရာ တည်ဆောက်ရန် ကျန်ရှိသေးပါကြောင်း၊ **ခရီးသည်များများ သယ်ယူပို့ဆောင်နိုင်ရေး အတွက် မြို့ပတ်ခရီးစဉ် (၂၀၀)ကို တိုးချဲ့ခြင်း မပြုဘဲ ရထားတွဲဆိုင်းများကို ပိုမိုချိတ်ဆွဲပေးရန် စီစဉ်ထားပါကြောင်း။**

ယခုအခါ စက်ခေါင်းအသစ်နှင့် လူစီးတွဲအသစ်များကို ပြည်တွင်း၌ အဆင့်မီမီ ထုတ်လုပ်နိုင်ရေးအတွက် စက်ခေါင်းအသစ် တည်ဆောက်ရေး စက်ရုံကို နေပြည်တော်တွင် လည်းကောင်း၊ လူစီးတွဲအသစ် တည်ဆောက်ရေးစက်ရုံကို မြစ်ငယ်တွင်လည်းကောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူတည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ စက်ရုံတည်ဆောက်မှုကာလ နှစ်နှစ်ခန့် အချိန်ယူရမည်ဖြစ်ပြီး စက်ရုံပြီးစီးသည်နှင့် အဆင့်မီ စက်ခေါင်းသစ်များ၊ တွဲသစ်များထုတ်လုပ်ဖြည့်ဆည်းနိုင်မည် ဖြစ်ပါကြောင်း။

အဆင့်မီ ရထားစက်ခေါင်းနှင့် လူစီးတွဲများကို အဆင့်အတန်းမြှင့်တင်နိုင်ရေးအတွက် ခေါင်းနှင့် အင်ဂျင်ပါရှိသော လူစီးတွဲ (Diesel Motorized Unit)များကို ဝယ်ယူတင်သွင်းပြီး ပြေးဆွဲသွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ (သတင်းစဉ်)

ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

ရန်ကုန် မတ် ၁၄

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-11 တွင် Geophysical Site Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV-Genesis ဖြင့် ၂၀၁၁ ခုနှစ် မတ် ၁၈ ရက် မှ ဧပြီ ၁၄ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Geophysical Site Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည့် လမ်းကြောင်းတစ်လျှောက် တည်နေရာဧရိယာမှာ Point A မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၀ မိနစ် ၁၄ ဒသမ ၄၇စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၉ မိနစ် ၁၃ ဒသမ ၉၇ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၉ မိနစ် ၁၁ ဒသမ ၅၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၉ မိနစ် ၁၂ ဒသမ ၀၂ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၉ မိနစ် ၁၃ ဒသမ ၉၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၂ မိနစ် ၄၃ ဒသမ ၃၀ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၀ မိနစ် ၁၆ ဒသမ ၉၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၂ မိနစ် ၄၄ ဒသမ ၇၄ စက္ကန့်အတွင်းဖြစ်သည်။

သို့ဖြစ်၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-11 တွင် Geophysical Site Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV-Genesis ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင် ဧရိယာမှ (၄) ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's)ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးသက်လေပြင်းတိုက်ခတ်မည့် သတိပေးချက် ထုတ်ပြန်

နေပြည်တော် မတ် ၁၄

မြန်မာနိုင်ငံအရပ်ရပ်၌ အနောက်တောင်မုတ်သုံရာသီ မကျရောက်မီ ကာလအတွင်း နေ့အပူချိန်များ မြင့်တက်လာရာမှ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက် လေပြင်းများ တိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်ရေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် မုတ်သုံရာသီ မကျရောက်မီကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များအား အထူးဂရုပြုနေထိုင်သွားကြပါရန် သတိပေးနှိုးဆော်အပ်ပါကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့၏ ပထမအစည်းအဝေးများ ကျင်းပ

နေပြည်တော် မတ် ၁၄

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီများ၏ ပထမအစည်းအဝေးများကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမရှိ ကော်မတီရုံးခန်းများ၌ ကျင်းပသည်။

အစည်းအဝေးများသို့ သက်ဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ကော်မတီက ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များ၊ ကော်မတီ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမအကြိမ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့၏ ပထမအစည်းအဝေးများ ကျင်းပ

နေပြည်တော် မတ် ၁၄

ပထမအကြိမ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီများ၏ ပထမအစည်းအဝေးများကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမရှိ ကော်မတီရုံးခန်းများ၌ ကျင်းပသည်။

အစည်းအဝေးများသို့ သက်ဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ကော်မတီက ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်များ၊ ကော်မတီ၏တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင်၏အဆိုကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ပြန်လည်ရှင်းလင်းဆွေးနွေး

နေပြည်တော် မတ် ၁၄

ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေး၌ ယခင်လွှတ်တော်အစည်းအဝေးများက လက်ခံဆွေးနွေးရန် အတည်ပြုထားပြီးဖြစ်သည့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်၏ **“ဂန့်ဂေါမြို့နှင့် ရေဇွာမြို့အကြားကားလမ်းအား ဆယ့်နှစ်ရာသီ သွားနိုင်အောင် ပြုပြင်ပေးပါရန်နှင့် အရှေ့ဂန့်ဂေါနှင့် အနောက်ဂန့်ဂေါကြားရှိ ကြိုးတံတားအား ကားသွားနိုင်သော တံတားအဖြစ် တည်ဆောက်ပေးပါရန်”** အဆိုကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ရှင်းလင်းဆွေးနွေးရာ ချင်းပြည်နယ် ရေဇွာမြို့မှဂန့်ဂေါမြို့သို့ (၁၀၄)မိုင် (၆)ဖာလုံ ကွာဝေးပြီး လမ်းအခြေအနေမှာ မြေလမ်း (၈၃)မိုင် (၁)ဖာလုံနှင့် ကျောက်လမ်း (၂၁)မိုင် (၅)ဖာလုံ ရှိပါကြောင်း၊ မြေလမ်း(၈၃)မိုင် (၁)ဖာလုံအပိုင်းကို ကျောက်လမ်းအဆင့် ရောက်ရှိစေရေးအတွက် နှစ်အလိုက် စီမံချက်များ ရေးဆွဲ၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

အရှေ့ဂန့်ဂေါနှင့် အနောက်ဂန့်ဂေါကြားတွင်ရှိသော အရှည်ပေ (၇၀၀) ရှိသည့် ကြိုးတံတားသည် လူကူးရန်အတွက်သာ တည်ဆောက်ထားခြင်း ဖြစ်ပါကြောင်း၊ ၎င်းကြိုးတံတားကို

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ကားသွားလာနိုင်သော တံတားအဖြစ် တည်ဆောက်ရန် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်း။

ဂန့်ဂေါမြို့နယ်နှင့် ရေဇွာမြို့အကြား ကားလမ်းအား ဆယ့်နှစ်ရာသီသွားနိုင်အောင် နိုင်ငံတော်က အဆင့်ဆင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး အရှေ့ဂန့်ဂေါနှင့် အနောက်ဂန့်ဂေါကြားရှိ ကြိုးတံတားအား ကားသွားလာနိုင်သော တံတားအဖြစ်တည်ဆောက်ပေးပါရန်အဆိုသည် လတ်တလောဆောင်ရွက်ရန် မလိုအပ်သေးသော တံတားဖြစ်ပါသဖြင့် ယင်းအဆိုပြုချက်အား ပြန်လည်ရုပ်သိမ်းပေးပါရန် မေတ္တာရပ်ခံအပ်ပါကြောင်းဖြင့် ပြန်လည် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အဆိုတင်သွင်းခဲ့သည့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်က မိမိ၏ဂန့်ဂေါမြို့နှင့် ရေဇွာမြို့အကြား ကားလမ်းအား ဆယ့်နှစ်ရာသီသွားနိုင်အောင် ပြုပြင်ပေးပါရန်အဆိုကို အတည်ပြုပေးပါရန်နှင့် အရှေ့ဂန့်ဂေါနှင့် အနောက်ဂန့်ဂေါကြားရှိ ကြိုးတံတားအား ကားသွားနိုင်သော တံတားအဖြစ် တည်ဆောက်ပေးပါရန် အဆိုကို ပြန်လည်ရုပ်သိမ်းပေးစေလိုကြောင်း တင်ပြသည်။

ယင်းသို့ ကာယကံရှင်၏ တင်ပြချက်အပေါ် လွှတ်တော်က သဘောတူသည့်အတွက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) မှ ဦးပေါ်လျှံလွင်၏ ဂန့်ဂေါမြို့နှင့် ရေဇွာမြို့အကြား ကားလမ်းအား ဆယ့်နှစ်ရာသီ သွားနိုင်အောင် ပြုပြင်ပေးပါရန်အဆိုကို အတည်ပြု၍ အရှေ့ဂန့်ဂေါနှင့် အနောက်ဂန့်ဂေါကြားရှိ ကြိုးတံတားအား ကားသွားနိုင်သော တံတားအဖြစ် တည်ဆောက်ပေးပါရန်အဆိုကို ပြန်လည်ရုပ်သိမ်းခွင့်ပြုကြောင်း ကြေညာသည်။

(သတင်းစဉ်)

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင်၏အဆိုကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ပြန်လည်ရှင်းလင်းဆွေးနွေး

နေပြည်တော် မတ် ၁၄

ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေး၌ ယခင်လွှတ်တော် အစည်းအဝေးများက လက်ခံဆွေးနွေးရန် အတည်ပြုထားပြီးဖြစ်သည့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်၏ **“ပလက်ဝမြို့နှင့် မတူပီမြို့ကိုဆက်သွယ်သော မော်တော်ကားလမ်းအား အမြန်တည်ဆောက်ပေးပါရန်”** အဆိုကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ရှင်းလင်းဆွေးနွေးရာ မတူပီ-ပလက်ဝလမ်းသည် (၁၃၅)မိုင် (၃)ဖာလုံ ရှည်လျားပြီး လက်ရှိလမ်းအခြေအနေမှာ ကတ္တရာလမ်း (၃)ဖာလုံ၊ ကျောက်လမ်း (၂)မိုင် (၁)ဖာလုံ၊ မြေလမ်း (လမ်းအူကြောင်း) (၁၃၂)မိုင် (၇)ဖာလုံ စုစုပေါင်း (၁၃၅)မိုင် (၃)ဖာလုံရှိပါကြောင်း။

မတူပီ-ပလက်ဝလမ်းမှာ လုပ်ငန်းပမာဏကြီးမားပြီး လတ်တလောနယ်မြေအခြေအနေအရ ဆောင်ရွက်နိုင်ခြင်း မရှိသေးသော်လည်း ပလက်ဝမှ ပြည်သူများသည် မတူပီသို့သွားလိုပါက ပလက်ဝမှ ကျောက်တော်သို့ (၃၃)မိုင် (၅)ဖာလုံ၊ ကျောက်တော်မှအမ်းသို့ (၁၃၃)မိုင် (၅)ဖာလုံ၊ အမ်းမှပဒါန်းသို့ (၆၆)မိုင်၊ ပဒါန်းမှ ပေါက်လမ်းခွဲသို့ (၁၂၀) မိုင်၊ ပေါက်လမ်းခွဲမှ မင်းတပ်သို့ မိုင်(၅၀) (၂)ဖာလုံ၊ မင်းတပ်မှမတူပီသို့ (၁၀၂)မိုင်တို့ကို သွားနိုင်ရန်အတွက် ခန့်မှန်းကြာချိန်မှာ အမြန်ကားနှင့် သွားပါက တစ်ရက်ခွဲခန့်နှင့်ရောက်ရှိမည် ဖြစ်ပါကြောင်း၊ ပုံမှန်သွားလာပါက နှစ်ညအိပ်ခန့်ဖြင့် ရောက်ရှိမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ပလက်ဝမြို့နှင့် မတူပီမြို့ကို ဆက်သွယ်သော မော်တော်ကားလမ်းအား အမြန်တည်ဆောက်ရန် လိုအပ်ပါကြောင်းအဆိုသည် အခြားလမ်းကြောင်းမှ သွားရောက်နိုင်ရန် စီစဉ်ပေးထားပြီးဖြစ်ပါ၍ ယခုတင်ပြသည့် အဆိုအား ပြန်လည်ရုပ်သိမ်းပေးပါရန် မေတ္တာရပ်ခံအပ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အဆိုတင်သွင်းခဲ့သည့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်က မိမိ၏အဆိုကို မေးခွန်းအဖြစ် ပြောင်းလဲမှတ်တမ်းတင်ပေးနိုင်ပါရန် တင်ပြသည်။

ယင်းနောက် အစည်းအဝေးအစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သည်။

(သတင်းစဉ်)

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျွန်ခဲန်း၏အဆိုကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ပြန်လည်ရှင်းလင်းဆွေးနွေး

နေပြည်တော် မတ် ၁၄

ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေး၌ ယခင်လွှတ်တော် အစည်းအဝေးများက လက်ခံဆွေးနွေးရန် အတည်ပြုထားပြီးဖြစ်သည့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း၏ **“တန်ဖိုးနည်းအိမ်ရာများဆောက်လုပ်ပြီး ဝန်ထမ်းငယ်များအား ၎င်းတို့၏လစာငွေမှ လစဉ်အရစ်ကျခုနှိမ် စနစ်ဖြင့် ဝယ်ယူရေး စီစဉ်ပေးရန်”** အဆိုကို ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ရှင်းလင်းဆွေးနွေးရာ **တန်ဖိုးနည်းဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပြီး အရစ်ကျခုနှိမ်စနစ်ဖြင့် ရောင်းချရေးအတွက် စီစဉ်ဆောင်ရွက်ရန် အခြေခံအားဖြင့် ဝန်ထမ်း၏ဝင်ငွေနှင့် အိမ်ခန်း၏ တန်ဖိုးအား ချိန်ဆ၍လည်းကောင်း၊ ရင်းနှီးဆောက်လုပ်ရန်အတွက် ဘဏ္ဍာငွေအရင်းအမြစ် မတည်၍ လည်းကောင်း စီမံဆောင်ရွက်ရမည်ဖြစ်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အပါအဝင် ဆက်နွယ်သည့် အစိုးရဌာနများ စုပေါင်းစီမံ အကောင်အထည်ဖော်ရမည့်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း။**

လက်ရှိအနေဖြင့် ချင်းပြည်နယ်တွင် အငှားချဝန်ထမ်းအိမ်ရာ စခန်း(၃)ခုကို ဟားခါးမြို့၊ မင်းတပ်မြို့နှင့် ဖလမ်းမြို့တို့တွင် တည်ဆောက်ပေးထားပြီး ဟားခါးမြို့တွင် နှစ်ခန်းတွဲတိုက်(၄၉)လုံးမှ အခန်း (၉၈)ခန်းနှင့် လုံးချင်း(၅)လုံးမှ အခန်း (၅)ခန်းရှိရာ စုစုပေါင်းအိမ်ခန်း(၁၀၃) ခန်းဖြစ်ပါကြောင်း၊ မင်းတပ်မြို့တွင်မူ (၄)ခန်းတွဲတိုက်(၁၂)လုံးမှ အခန်း(၄၈)ခန်းနှင့် လုံးချင်း (၃၄)လုံးမှအခန်း(၃၄)ခန်း၊ အိမ်ခန်းပေါင်း(၈၂) ခန်းနှင့် ဖလမ်းမြို့တွင် နှစ်ခန်းတွဲ တိုက်(၅)လုံးမှ အခန်း(၁၀) ခန်းနှင့် လုံးချင်း(၆၄)လုံးမှ အခန်း (၆၄) ခန်းရှိရာ စုစုပေါင်းအိမ်ခန်း (၇၄)ခန်း၊ ချင်းပြည်နယ်တစ်ခုလုံးအနေဖြင့် အိမ်ခန်း စုစုပေါင်း (၂၅၉)ခန်းကို နေထိုင်ရေး

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျွန်ခဲန်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

အခက်အခဲရှိသည့် နိုင်ငံ့ဝန်ထမ်းများအား အငှားချထားပေးပြီး ဖြစ်ပါကြောင်း။

ချင်းပြည်နယ်တွင် တန်ဖိုးနည်းဝန်ထမ်းအိမ်ရာ အရစ်ကျခုနှိမ်စနစ်ဖြင့် တည်ဆောက်ရောင်းချပေးရန်ကိစ္စကိုမူ လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်း၊ ကိုယ်စားလှယ်တော်ကြီးတင်ပြသည့် တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ပြီး ဝန်ထမ်းငယ်များအား လစဉ်၎င်းတို့၏ လစာငွေမှ အရစ်ကျခုနှိမ်စနစ်ဖြင့် ဝယ်ယူနိုင်ရေးစီစဉ်ပေးပါရန်ကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော်မှ အငှားချဝန်ထမ်းအိမ်ရာစီစဉ်ပေးထားပြီးဖြစ်သည့်အတွက် ကိုယ်စားလှယ်ကြီး၏ တင်ပြထားသောအဆိုသည် လတ်တလောဆောင်ရွက်နိုင်ခြင်း မရှိသေးပါသဖြင့် ယင်းအဆိုပြုချက်အား ပြန်လည်ရုပ်သိမ်းပေးပါရန် မေတ္တာရပ်ခံအပ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အဆိုတင်သွင်းခဲ့သည့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်းက မိမိ၏ အဆိုကို ပြန်လည်ရုပ်သိမ်းပေးစေလိုကြောင်း တင်ပြသည်။

ယင်းသို့ ကာယကံရှင်က မိမိ၏အဆိုကို ပြန်လည်ရုပ်သိမ်းလိုခြင်း တင်ပြချက်အပေါ် လွှတ်တော်က သဘောတူသည့်အတွက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) မှ ဦးကျွန်ခဲန်း၏အဆိုကို ပြန်လည်ရုပ်သိမ်းခွင့်ပြုကြောင်း ကြေညာသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရ၏ စေတနာအမှန်ကိုသိမြင် တောတွင်းလက်နက်ကိုင်အဖွဲ့ဝင်များ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်

နေပြည်တော် မတ် ၁၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ လုပ်ရပ်နှင့်စေတနာအမှန်ကို သိမြင်လာကြသော တောတွင်းလက်နက်ကိုင်အဖွဲ့များသည် ၎င်းတို့၏ မှားယွင်းသော လုပ်ရပ်များအပေါ် နားလည်သဘောပေါက်ကာ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ရင်ခွင်သို့ တစ်ဦးချင်းမှ အစ အစုအဖွဲ့လိုက် လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် KNU (စောလားဘွယ်) အကြမ်းဖက် သောင်းကျန်းသူအဖွဲ့မှ ဇေယျာကျော်၊ စောကျော်အဲ့၊ စောတင်၊ ဇေယျာတို့သည် မတ် ၁၁ ရက်တွင် အမ်-၂၀ ပစ္စတိုနှစ်လက်၊ ၉ မမ ကျည် ခုနစ်တောင့်ဖြင့် လည်းကောင်း၊ အောင်နိုင်ဦး၊ ရဲနိုင်ဦးတို့သည် မတ် ၁၃ ရက်တွင် အမ်-၁၆ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ အမ်-၇၉တစ်လက်၊ ကျည်မျိုးစုံ ၄၅ တောင့်ဖြင့် လည်းကောင်း အလင်းဝင်ရောက်ခဲ့ကြပြီး ဇန်နဝါရီ ၁ ရက်တွင် စောဝင်းအောင်သည် ပွိုင့်-၂၂ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည် ရှစ်တောင့်ဖြင့် လည်းကောင်း၊ ဇန်နဝါရီ ၂၅ ရက်တွင် အောင်စိုးသည် ၉ မမ ပစ္စတိုတစ်လက်၊ ၎င်းကျည်ရှစ်တောင့်ဖြင့် လည်းကောင်း အသီးသီးလက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသည်။

အဆိုပါကာလအတွင်း လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသူ စုစုပေါင်း ရှစ်ဦးတို့အား သက်ဆိုင်ရာ တပ်စခန်းအသီးသီးမှ တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုကြပြီး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အဆိုပါ KNU(စောလားဘွယ်) အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ ၂၀၁၀ ခုနှစ် ဒီဇင်ဘာလမှ ယနေ့အချိန်အထိ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့သူ စုစုပေါင်းအင်အား ၅၁ ဦးရှိပြီး အလားတူ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ရန် ကျန်ရှိနေသေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အောက်ပိုင်းဒေသများကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၁၄

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီးနှင့်တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင်တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ တနင်္သာရီတိုင်းဒေသကြီးတွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ၊ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင်မတ်လ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်မှာ** ချောက်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ရန်ကုန်(ကမ္ဘာအေး)တွင် ၁ ဒသမ ၄၂လက်မ၊ လောင်းလုံမြို့တွင် သုညဒသမ ၈၇ လက်မ၊ ရန်ကုန်(မင်္ဂလာဒုံ)နှင့်သထုံမြို့တို့တွင် သုည ဒသမ ၆၃ လက်မစီနှင့် ထားဝယ်မြို့တွင် သုည ဒသမ ၄၇ လက်မတို့ ဖြစ်ကြပါသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နေသည်။

မတ် ၁၅ ရက် ညနေထိခန့်မှန်းချက်။ ။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင်တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းအား သတ်မှတ်ရက်အတွင်း တင်သွင်းခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့အား အရည်အချင်း ပျက်ယွင်းသူများဖြစ်ကြောင်း သတ်မှတ်ကြေညာ

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၆/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။
အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၆/၂၀၁၁)
၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၁၄ ရက်)

ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းအား သတ်မှတ်ရက်အတွင်း တင်သွင်းခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့အား အရည်အချင်း ပျက်ယွင်းသူများဖြစ်ကြောင်း သတ်မှတ်ကြေညာခြင်း

၁။ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၅နှင့် နည်းဥပဒေများ အပိုဒ် ၇၇ တို့အရ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ဥပဒေသတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများသို့ တင်သွင်းရမည်ဖြစ်သည်။

၂။ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ဥပဒေနှင့်အညီ တင်သွင်းရန်ပျက်ကွက်သူများအား အရည်အချင်းပျက်ယွင်းသူများအဖြစ် သတ်မှတ်ရန် သင့်၊ မသင့် ဆုံးဖြတ်နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲခုံအဖွဲ့များ ဖွဲ့စည်းစစ်ဆေးစေခဲ့သည်။

၃။ ရွေးကောက်ပွဲခုံအဖွဲ့မှ အောက်ဖော်ပြပါလွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့သည် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို သတ်မှတ်ရက်အတွင်း တင်သွင်းရန် ပျက်ကွက်ခဲ့ကြောင်း တွေ့ရှိရသဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ အပိုဒ် ၈၃(က)အရ အရည်အချင်းပျက်ယွင်းသူများအဖြစ် သတ်မှတ်ဆုံးဖြတ်ခဲ့သည်-

စဉ်	လွှတ်တော် ကိုယ်စားလှယ်လောင်း အမည်	ရွေးကောက်ပွဲကိုယ်စားလှယ် အမည်	မဲဆန္ဒနယ်
(က)	ဦးထွန်းရွှေ	ဦးဝင်းလှိုင်	ကန့်ဘလူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော် စစ်ကိုင်းတိုင်းဒေသကြီး
(ခ)	ဦးစောမီရယ်	ဦးနေမျိုးကျော်	ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ပဲခူးတိုင်းဒေသကြီး
(ဂ)	ဦးတင်စိုး	မရှိ	ဖြူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ပဲခူးတိုင်းဒေသကြီး
(ဃ)	ဦးတင်ဦး	ဦးသိန်းကျော်	သနပ်ပင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ပဲခူးတိုင်းဒေသကြီး
(င)	ဦးစောစင်းဘတ်	မရှိ	ရွှေကျင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ပဲခူးတိုင်းဒေသကြီး
(စ)	ဦးအောင်သိန်း	မရှိ	အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၃) ပဲခူးတိုင်းဒေသကြီး
(ဆ)	ဦးဝင်း	ဦးလှဝင်း	အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၁) ပဲခူးတိုင်းဒေသကြီး
(ဇ)	ဦးစောထွန်းတင်	ဦးစောသောမတ်	ပဲခူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော် ပဲခူးတိုင်းဒေသကြီး
(ဈ)	ဦးဗိုလ်ဝင်းရှိန်	ဦးဆလိုင်းနေမင်းရှိန်	အုတ်ဖိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော် ပဲခူးတိုင်းဒေသကြီး
(ည)	ဦးဌေးဝင်း	မရှိ	မင်းတုန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် မကွေးတိုင်းဒေသကြီး
(ဋ)	ဦးတင်ဝမ်း	မရှိ	မြို့သစ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် မကွေးတိုင်းဒေသကြီး
(ဌ)	ဦးသိန်းညွန့်	ဦးမြင့်ဇော်ညွန့်	နတ်မောက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် မကွေးတိုင်းဒေသကြီး
(ဍ)	ဦးမျိုးမြင့်	မရှိ	မြိုင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် မကွေးတိုင်းဒေသကြီး
(ဎ)	ဦးစိန်ထွန်း	မရှိ	ဂန့်ဂေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော် မကွေးတိုင်းဒေသကြီး
(ဏ)	ဦးအောင်ကြည်သန်း	မရှိ	ဂန့်ဂေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော် မကွေးတိုင်းဒေသကြီး
(တ)	ဦးစိန်ဝင်း	မရှိ	မြိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော် မကွေးတိုင်းဒေသကြီး
(ထ)	ဒေါက်တာသန်းမြင့်	ဦးညီညီကျော်	အမရပူရမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော် မန္တလေးတိုင်းဒေသကြီး
(ဒ)	ဦးစောကက်နက်ဝေသော်	မရှိ	ကျိုက်လတ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ဧရာဝတီတိုင်းဒေသကြီး
(ဓ)	ဦးအုန်းလွင်	ဦးရဲနိုင်လင်း	အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၁) ဧရာဝတီတိုင်းဒေသကြီး
(န)	ဦးချစ်ဝင်းအေး	မရှိ	ဘိုကလေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော် ဧရာဝတီတိုင်းဒေသကြီး

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို စိစစ်၍ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ အပိုဒ် ၈၄ အရ အထက်ပါလွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များအား အရည်အချင်းပျက်ယွင်းသူများဖြစ်ကြောင်း ကြေညာလိုက်သည်။

၅။ ယင်းသို့ အရည်အချင်းပျက်ယွင်းသူများဖြစ်ကြောင်း ကြေညာခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့သည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၈ အရ ယခုကြေညာသည့်နေ့မှစ၍ လက်ရှိ လွှတ်တော်သက်တမ်းနှင့် နောက်လာမည့် လွှတ်တော်သက်တမ်းအတွက်ကျင်းပသည့် ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိကြောင်းကိုလည်း အသိပေးကြေညာလိုက်သည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၃-၂၀၁၁ (အင်္ဂါနေ့)

AM & PM
၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "ဆရာတော်အရှင်ဝိသုဒ္ဓ ဟောကြားတော်မူသော" တရားတော်
၆း၄၀ ပုခန်းကြီးရှေးဟောင်း ကျောင်းတော်ကြီး
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၄၃)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၁)**
၈း၄၅ Jewellery Show of the Year 2011 (The Rich Gems) (Part-2)
၉း၂၀ ကုသိုလ်ရေးမှာပါဝင်နွှဲ ဆိပ်ဖြူမြို့ရဲ့ဆွမ်းလောင်းပွဲ
၉း၄၀ Cartoon Show Time (ARTHUR3; WAR of TWO WORLDS)
၁၀း၂၅ ဥတ်ဖိုလ်တောရမဟာစည် သာသနာ့ရိပ်သာ
၁၀း၃၅ Celebrity Style (ယုဇန)
၁၁း၀၀ International Show Biz
၁၁း၂၅ စစ်ကွင်း အ ထ က ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ
၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၀ စိန်တို့ရဲ့ကမ္ဘာစိန်ဧကရာဇ်ပါ
၁၂း၂၀ Activities in The City [အ လ က(၁၂)အင်းစိန် အာစရိယပူဇော်ပွဲ]
၁၂း၄၀ တွံတေးမြို့မြတ်ဆရာပူဇော်ပွဲ
၁း၀၀ "ဆရာတော်အရှင်ဝိသုဒ္ဓဟောကြားတော်မူသော" တရားတော်
၂း၀၀ MRTV-4 သတင်း
၂း၂၀ မန္တလေးမြို့မှ TOA Colour World
၂း၄၀ ထာဝရဦးတင် "မြတ်ဆရာ၏ ကျေးဇူးဂုဏ်အင်"အ ထ က(၁) သာကေတ၏အာစရိယပူဇော်ပွဲ
၃း၀၀ သကျခီတာစာသင်တိုက် စာအောင်ဘွဲ့တံဆိပ်ရ သာသနာ့ အာဇာနည်ချီးကျူးပူဇော်ပွဲ
၃း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၄၃)**
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၁)**
၄း၅၅ The Champion of Dance
၅း၃၅ သင်ကြားရေးလမ်းညွှန် (PHYO Computer Training & Service Centre)
၆း၀၀ MRTV-4 သတင်း
၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၄၄)**
၇း၂၀ Jewellery Show of the Year 2011 (The Rich Gems) (Part-3)
၈း၀၀ MRTV-4 သတင်း
၈း၃၀ Celebrity Choice (စန္ဒာဝင်း) (အပိုင်း-၁)
၉း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၂)**
၁၀း၁၅ အနုပညာမိုးကောင်းကင်
၁၀း၃၅ စာအုပ်ပြခန်း (စာရေးဆရာတက္ကသိုလ် ခင်မောင်ဇော်ရဲ့အင်္ဂလိပ်ပါမောက္ခ အလုပ်ဖြုတ်ခံရသည့်ဖြစ်စဉ်နှင့် တက္ကသိုလ်ရေးရာဆောင်းပါး အဖြာဖြာ)
၁၁း၀၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ပျော်ရွှင်စွာဆင်နွှဲ ဒေါင့်ချ ငါးဖမ်းပွဲ)
၁၁း၁၅ World of Knowledge (Asia's Titanic)
၁၂း၀၅ မျက်စိအမြင်ရှင်သန်ရေးပဏာမ မျက်စိကျန်းမာရေးစောင့်ရှောက်ပေး
၁၂း၁၅ Mega Star Talk (ခင်မောင်တိုးနှင့်တွေ့ဆုံခြင်း) (အပိုင်း-၁)
၁၂း၄၀ Rainforest Homeland **(အပိုင်း-၂)**
၁း၀၅ Movie Mistakes (Spider Man)
၁း၃၀ သင့်မိသားစုနှင့် သင့်ပိုင်ဆိုင်မှုများအတွက်
၁း၄၅ Shooting Location (ဆရာမအိမ်)
၂း၀၀ မြင်ကွင်းထဲမှရိုက်ချက်များ
၂း၀၅ ဖြတ်လျှောက်ရုံလေးပဲ လျှောက်ဖြစ်တော့မှာပါ (မေသန်းနု၊ ပန်းဖြူ၊ ကျော်ဇေယျ၊ ဦးခိုင်တင်) [ဒါရိုက်တာ- မောင်မောင်ဦး(စနိုးပိုက်)]
၂း၁၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာရှုပါရွှေနှင့်တွေ့ဆုံခြင်း)
၂း၃၀ စွမ်းရည်မြင့်မားလယ်ယာ(၁၆) လက်တွန်းထွန်စက်တာယာများ
၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀ လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ မြန်မာ့ရိုးရာပန်းဆယ်မျိုးပညာ
၄း၂၅ အပန်းဖြေစရာမျက်လှည့်ကမ္ဘာ
၄း၃၅ စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မဟာစည်သာသနာ့ရိပ်သာ
၄း၄၅ ထူးမြတ်ပူဇော်ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော်
၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အထက်မြန်မာပြည် ဆရာဝန်ကြီးများအဖွဲ့ ကွင်းဆင်းအခမဲ့ဆေးကုသပေး

နေပြည်တော် မတ် ၁၄

မန္တလေးတိုင်းဒေသကြီးရှိ အထက်မြန်မာပြည်မှ ဆရာဝန်ကြီးများ အဖွဲ့သည် မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၌ မတ်၁၂ရက်နှင့် ၁၃ရက်တို့တွင် ကွင်းဆင်း၍ ဝေဒနာရှင် လူနာများအား အခမဲ့ ဆေးကုသပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပ
မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုများကို ဆွေးနွေးခြင်း၊ လွှတ်တော်၏ အသုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၄

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ရောက်ရှိနေရာယူသည်။ ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၂၃)ဦးရှိသည့်အနက် (၂၂၂)ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် (၉၉ ဒသမ ၅၅) ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး နဝမနေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းထားသည့် မေးခွန်းများအနက် စိစစ်ခွင့်ပြုသင့်သည့် ကြယ်ပွင့်ပြမေးခွန်းများဖြစ်သော ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်အေးထွန်း၏ **"ဘူးသီးတောင်မြို့နယ်ဒေသတွင် ဝါးပင်များ သဘာဝအလျောက်များစွာပေါက်ရောက်လျက်ရှိရာ စက္ကူပျော့ဖတ်စက်ရုံ တည်ဆောက်ပြီး ထုတ်လုပ်နိုင်သည့်အလားအလာရှိပါက ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့် **"တောင်ကုတ်မြို့နယ်ရှိ နေပူတောင်ဒေသနှင့် ဂူတောင်-ကန်တောင်ဒေသတို့တွင် ထုံးကျောက်တောင်များမှ ဘိလပ်မြေထုတ်လုပ်နိုင်မည့် စီမံကိန်းများကို နိုင်ငံတော်မှ**

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍